မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညနေ ၆နာရီ မိနစ်၄၀တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၏နေအိမ်၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၄* ■

တက်ရောက်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။

(သတင်းစဉ်)

တာချီလိတ်မြို့ အရှေ့မြောက်ဘက်မှသည် မြန်မာနိုင်ငံ၌ အကြီးဆုံး ပေါင်းစည်းလယ်ယာသို့

တာချီလိတ်မြို့နယ် ဟာကျားမနိုးရွာရှိ ဦးကျဟဲ၏ အောင်မြင်ဖြစ်ထွန်းနေသော လီမွှော်ပင်များကို ရှမ်းတောင်တန်းပေါ်၌ ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-လေးနွယ် (မင်္ဂလာဒုံ)

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - လေးနွယ် (မင်္ဂလာဒုံ)
စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

တာချီလိတ် ဇန်နဝါရီ ၂၆ (ဖက်စ်)

တာချီလိတ်မြို့ အရှေ့မြောက်ဘက်သို့ နံနက်စောစော ခရီးထွက်ခဲ့သည်။ လမ်းဘေးဝဲယာတစ်လျှောက် နေအိမ်တိုက်တာများကို ဖြတ်သန်းကြည့်ရှုရင်း တာချီလိတ်မြို့မှ ၁၀မိုင်ခန့်အကွာ ဖန်မင်အုပ်စု၊ ဟာကျားမနိုးရွာသို့ နံနက် ၁၀နာရီခန့်၌ ရောက်ရှိခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❐

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မင်္ဂလာတရားများ လွှမ်းမိုးရာ၊ ဘာသာတရားများ ဖြန့်ကြက်တည်ရာ၊ ယဉ်ကျေးပျူငှာမှုများ ခြုံလွှမ်းထားရာ၊ ဘိုးဘွား မိဘ ဆရာသမားများ၏ ဆုံးမလမ်းညွှန်မှုများအောက်တွင် ရပ်တည်နေရာ ဖြစ်သဖြင့် ရင်တွင်းငြိမ်းချမ်းပြီး ပတ်ဝန်းကျင် ရေမြေတောတောင် သဘာဝတရားကို ခံစားခွင့်ရှိသော "နေ မြေ ရေ လေ"များ သန့်သန့်ရှင်းရှင်း ပေါ်များရာနေရာသည် "မြန်မာ" တစ်နိုင်ငံတည်းသာ ဖြစ်ပါလိမ့်မည်။

မိပြည်ချစ်၏ ဆောင်းပါး စာ - ၈ နှင့် ၉

27-1 (01).pmd 1 1/27/2010, 1:53 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၇ ရက်)

လူတိုင်းကျန်းမာရေးအသိဖြင့် ပြုမူကျင့်ကြံနေထိုင်

လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံအကျဆုံးသည် ကျန်းမာရေးဖြစ်သည်။ လူတိုင်း သက်ရှည်ကျန်းမာ နေထိုင်နိုင်ရေး အတွက် ကျန်းမာရေးအသိ ရှိကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် အမျိုးသားကျန်းမာရေး နှစ်ရှည် စီမံကိန်းများကို ချမှတ်ဖော်ဆောင်လျက်ရှိပြီး ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးရေးအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတများ ပြည့်ဝနေရမည်ဖြစ်သည်။ ရောဂါမဖြစ်ပွားရေး အတွက် ကြိုတင်ကာကွယ်ရာတွင် အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ကြရမည်ဖြစ်ပြီး ကူးစက်ရောဂါမဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်မှုကို အလေးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည်ဆိုသည့်စကားအရ ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရင်း တစ်ဖက်မှလည်း ဝေဒနာရှင်များကို သက်သာပျောက်ကင်းစေရန် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို ဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး ကျန်းမာသန်စွမ်းနေပါမှ အရာရာကို စွမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။ ကျန်းမာရေးနှင့်ပြည့်စုံနေသောသူသည် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်နေပြီး လုပ်ဆောင်မှုတိုင်းကို ရွှင်လန်းတက်ကြွစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်မှ ကျေးလက်ဒေသများပါမကျန် ကျန်းမာရေးစောင့်ရှောက်မှုကို ဖြည့်ဆည်းဆောင်ကြဉ်းပေးနေသည်နှင့်အမျှ ပြည်သူများကိုယ်တိုင် ကလည်း ကျန်းမာရေးအသိဖြင့် ကျင့်ကြံနေထိုင်သွားကြပါလျှင် ထိရောက်သော အောင်မြင်မှု ရရှိမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသားပြည်သူများသည် ရောဂါဘယကင်းဝေးပြီး ကျန်းမာကြံ့ခိုင်နေ ပါမှ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရသည်။ ။

ပြည်သူ့သဘောထား

- ✽ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✽ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၇-၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ မဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မေးမြန်းစူးစမ်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၉။ ကျန်းမာသုတ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ Mail Box
- ၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၇)
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၃)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ အိုင်စီတီသုတ
- ၂၁။ ရယ်ရွှင်စရာဟာသပဒေသာ **ထူးလည်းထူးတဲ့ ရွှေဖူးစာ** (အပိုင်း-၁) မိုးယံဇွန်၊ ပေါ်လေး၊ အရိုင်း၊ စိုပြေ၊ မျိုးစန္ဒီကျော်၊ [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၆)

ကျောက်တံခါးမြို့ သန့်ရှင်းသာယာရေးအတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ စိမ်းလဲ့ကန်သာပန်းခြံနှင့် မြို့တွင်း ရန်ကုန်-မန္တလေးလမ်းမကြီး လမ်းဘေး ဝဲ၊ ယာတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၆ရက်က ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံအစိုးရ မှ လှူဒါန်းသော မီးသတ်ယာဉ် ငါးစီး၊ အသက်ကယ်ယာဉ်တစ်စီးနှင့် သူနာ တင်ယာဉ် တစ်စီးတို့ကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

မီးသတ်ယာဉ်များနှင့် သူနာတင်ယာဉ် ဂျပန်အစိုးရမှ မီးသတ်ဦးစီးဌာနသို့ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံအစိုးရက မီးသတ်ယာဉ်ငါးစီး၊ အသက်ကယ်ယာဉ်တစ်စီးနှင့် သူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန် နိုင်ငံ သံအမတ်ကြီး H.E.Mr. Yasuaki Nogawa က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရွက်စာတမ်းကို လွှဲပြောင်းပေးအပ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လက်ခံ ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေက ဂုဏ်ပြုမှတ်တမ်း ပေး အပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူ များသည် လှူဒါန်းထားသော ယာဉ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးပို့လှူဒါန်း

အဆိုပါ မီးသတ်ယာဉ်၊ အသက်ကယ် ယာဉ်နှင့် သူနာတင်ယာဉ်များကို ဂျပန်နိုင်ငံ အစိုးရက ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်း သင့်ဒေသများသို့ ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး ISUZU (1995 Model) မီးသတ်ယာဉ် တစ်စီး၊ HINO(1994 Model) မီးသတ် ယာဉ်တစ်စီး၊ ISUZU (1992 Model) မီးသတ်ယာဉ်တစ်စီး၊ ISUZU (1991 Model) မီးသတ်ယာဉ်တစ်စီး၊ NIS-SAN (1992 Model) မီးသတ်ယာဉ် တစ်စီး၊ HINO(1992 Model) အသက် ကယ်ယာဉ်တစ်စီးနှင့် NISSAN (2000 Model) သူနာတင်ယာဉ်တစ်စီးတို့ ဖြစ် သည်။ ယနေ့လှူဒါန်းသော တန်ဖိုးငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၂၄၅၃၆ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ပဲနွယ်ကုန်း၌ ဆောင်ရွက်

ကျောက်တံခါး ဇန်နဝါရီ ၂၆

ကျောက်တံခါးမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ပိုင် ပဲနွယ်ကုန်း မြို့မဈေးကြီး မီးဘေးကာကွယ်ရေး စီမံချက်နှင့်အညီ မြို့နယ်မီးသတ်ဦးစီးဌာန ပဲနွယ်ကုန်းမြို့ မီးသတ်တပ်ဖွဲ့နှင့် ဈေးအရန် မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများနှင့် ဈေးအကျိုးဆောင် အဖွဲ့ဝင်များ ပူးပေါင်း၍ ဇန်နဝါရီ ၁၄ရက် က ပဲနွယ်ကုန်း မြို့မဈေးကြီးအတွင်း မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု ကိရိယာများ ထားရှိမှုအခြေအနေကို စစ်ဆေးပြီး လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ လေ့ကျင့်ကြသည်။

(မြို့နယ်စည်ပင်)

ထပ်ဆင့်ရေပေးဝေရေး ရေစက်ရုံဖွင့်

မုံရွာ ဇန်နဝါရီ ၂၆

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာ ရေးနှစ်တွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်း ထည့်ဝင်ငွေနှင့် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ခဲ့သော မုံရွာမြို့ ဘုန်းစိုးနှင့် ချမ်းမြသာစည်ရပ်ကွက်များသို့ တိုးချဲ့မြစ်ရေ ထပ်ဆင့်ပေးဝေရေး ရေစက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က အဆိုပါ ရေစက်ရုံတည်ရှိရာ မြို့တော်ခန်းမရှေ့၌ကျင်းပရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ***(မြို့နယ်စည်ပင်)***

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ပထမအကြိမ် သက်ကြီးဘူမိဗေဒပညာရှင်များ ကန်တော့ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ပထမ အကြိမ် သက်ကြီး ဘူမိဗေဒပညာရှင်များ ကန်တော့ပွဲကို ဇန်နဝါရီ ၂၃ရက်က ရန်ကုန် မြို့ ကမ္ဘာအေးစေတီလမ်းရှိ Excel Treasure Hotel ၌ ကျင်းပသည်။

ဂါရဝပြု

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ပထမ အကြိမ် သက်ကြီး ဘူမိဗေဒပညာရှင်များ ကန်တော့ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်ဌေးမှူက ပူဇော်ပွဲကျင်းပ ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြ ပြီး သက်ကြီး ဘူမိဗေဒပညာရှင်များအား ဂါရဝပြု လက်ဆောင်ပစ္စည်းနှင့် ငွေသား များဖြင့် ကန်တော့ကြသည်။**(ဝဲပုံ)**

ပြောကြား

ထို့နောက် ကန်တော့ခံ သက်ကြီး ဘူမိဗေဒပညာရှင် ဒေါက်တာညီညီ၊ ပါမောက္ခ ဦးစီသက်ပေါ်၊ ဦးတင့်လွင်နှင့် ဦးသန်းဌေးတို့က သြဝါဒစကား ပြောကြား ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ဖွင့်

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇန်နဝါရီ ၂၅ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာ၌ ကျင်းပသည့် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အရောင်းပွဲတော်အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဗဟိုသမဝါယမ အသင်းလီမိတက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ဆရာစံပလာဇာဥပစာ၌ ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဗဟိုသမဝါယမ အသင်းလီမိတက်ဥက္ကဋ္ဌတို့က အရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မြန်မာ့အနုပညာနှင့် ပန်းပု အရောင်းပွဲတော် ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနား အစီအစဉ်များကို ဆရာစံပလာဇာရှိ ခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ဗဟိုသမဝါယမ အသင်း လီမိတက်ဥက္ကဋ္ဌက မြန်မာ့အနုပညာနှင့် ပန်းပု အရောင်းပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ အနုပညာ ပန်းပုလက်ရာမွန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မြန်မာ့အနုပညာနှင့် ပန်းပု အရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၃ရက်အထိ ဆရာစံပလာဇာ၌ နံနက် ၉နာရီမှ ည ၉နာရီ အတွင်း ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Aloke Sen ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေနှင့်ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနဝန်ကြီးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီး များ၊ သံရုံးယာယီတာဝန်ခံများနှင့် ၎င်းတို့ ၏ ဇနီးများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၁-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၄၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ ပြင်ဦးလွင်မြို့တော်ဆီသို့
- ၈း၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၅ ၈။ **အဆုံးအဖြတ်**
- ၈း၃၀ ၉။ အဆိုပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄း၃၀ ၄။ **သတင်းကောင်း**
- ၄း၄၅ ၅။ အကပြိုင်ပွဲ
- ၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၈။ တေးဂီတအစီအစဉ်
- ၅း၃၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၄၀ ၁၀။ ရုပ်ပတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၀၅ ၁၅။ ရသပေါ်လွင် သရုပ်ဆောင် လွှင်ပြင်
- ၇း၄၀ ၁၆။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၁၅)
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **ချစ်လိုက်ရတာ တမေ့တမော** လူမင်း၊ အိန္ဒြာကျော်ဇင်၊ (ဒါရိုက်တာ-နေပိုင်)
- ၂၂။ အစီအစဉ်ပြီး၏။

ဖွင့်လှစ်ပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ တွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Rimbunan Petrogas Ltd. သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-1၌ 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV L skatel-5 ဖြင့် ဖေဖော်ဝါရီ ၁ရက်မှ ဧပြီ ၅ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တည်နေရာ

တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် တည်နေရာဧရိယာများမှာ Point-A မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၄၁ မိနစ် ၀၀စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီ တွဒ် ၉၇ ဒီဂရီ ၃၄မိနစ် ၀၀စက္ကန့်နှင့် Shore Line အကြားတွင် ဖြစ်သည်။

ကြေညာထား

တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ကီလိုမီတာ ပတ်လည် အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာ ထားရာ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်းများ

ဧည့်လမ်းညွှန်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းတွင် ခရီးသွား လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များ အခန်း ကဏ္ဍနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီး ဌာနနှင့် ခရီးသွားလုပ်ငန်းများ၊ ဧည့်လမ်းညွှန် များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ရှိ အမျိုးသား ဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီး ဌာန ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း တက် ရောက်၍ အဖွင့်အမှာစကားပြောကြား သည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးလှိုင်မြင့်က ခရီးသွားကုမ္ပဏီ များနှင့် ဧည့်လမ်းညွှန်များ မှတ်ပုံတင်ထား ရှိမှု အခြေအနေများနှင့် ဧည့်လမ်းညွှန်များ လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းချက် များကို လည်းကောင်း၊ ရှေးဟောင်း သုတေ သန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်ဦးက ယဉ်ကျေးမှုဇုန်များနှင့် ပြတိုက်များတွင် ကမ္ဘာလှည့်ခရီးသွားများ အား ဇုန်ဝင်ကြေးနှင့် ပြတိုက်ဝင်ကြေးများ ကောက်ခံရာ၌ Prepaid Card စနစ်ဖြင့် ကောက်ခံမည့် အခြေအနေများကိုလည်း ကောင်း ရှင်းလင်းပြောကြားကြသည်။

ပြန်လည်ဖြေကြား

ယင်းနောက် ခရီးသွားလုပ်ငန်း ကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များ၏ မေးမြန်းချက်များကို ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ပြန်လည်ရှင်းလင်း ဖြေကြား ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာ နိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့၌ လာပါရီးရာစားသောက်ပွဲအတွင်း ကြိတ်ကြိတ်တိုး စည်ကားနေသည်ကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

ဘရာဇီး၌ နည်းပညာပြပွဲ ကျင်းပ

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၆

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ နည်းပညာနှင့် လျှပ်စစ်ထုတ်ကုန်များပြပွဲကို ဇန်နဝါရီ ၂၅ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

နည်းပညာပြခန်း

တစ်ပတ်ကြာကျင်းပမည့် အဆိုပါပြပွဲ၌ သိပ္ပံဆိုင်ရာပြခန်း၊ တီထွင်မှုဆိုင်ရာပြခန်း၊ ဒစ်ဂျစ်တယ်ဖျော်ဖြေရေးဆိုင်ရာပြခန်းနှင့် တီထွင်ဆန်းသစ်နည်းပညာပြခန်းများကို ထည့်သွင်းပြသထားသည်။

ပြပွဲအတွင်း စက်ရုပ်၊ တေးဂီတ၊ ဗီဒီယို၊ ဒစ်ဂျစ်တယ်ဓာတ်ပုံ၊ ဆော့ဖ်ဝဲထုတ်လုပ်ရေးများအပါအဝင် အစရှိသည့် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းသတင်း၌ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပေကျင်းကို ကမ္ဘာ့မြို့ကြီးအဖြစ် တည်ဆောက်မည်

ပေကျင်း ဇန်နဝါရီ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြို့တော်ပေကျင်းကို နိုင်ငံတကာမြို့ကြီးများစာရင်းဝင်အဖြစ် ရောင့်ရဲတင်းတိမ်မနေဘဲ ကမ္ဘာ့အကြီးဆုံးမြို့ကြီးအဖြစ် ရောက်ရှိသွားအောင် တည်ဆောက်ရန်ရည်ရွယ်ထားကြောင်း ပေကျင်းမြို့တော်ဝန် ကူကျင်လောင်းက ဇန်နဝါရီ ၂၅ရက်တွင် ပြောကြားလိုက်သည်။

ကြေညာ

(၁၃)ကြိမ်မြောက် ပေကျင်းမြူနီစီပယ် ပြည်သူ့ကွန်ဂရက်တတိယအစည်းအဝေးဖွင့်ပွဲ၌ ပေကျင်းမြို့ကို ကမ္ဘာ့မြို့ကြီးအဖြစ် တည်ဆောက်ရေးအစီအစဉ်ကြေညာရာတွင် မြို့တည်ဆောက်ရခြင်းအကြောင်းရင်းကိုမူ ထုတ်ဖော်မကြေညာဘဲထားသည်။

မျှော်လင့်

၂၀၅၀ခုနှစ်တွင် ပေကျင်းမြို့ကို ကမ္ဘာ့မြို့ကြီးအဖြစ် ပြောင်းလဲတည်ဆောက်မှုသည် အောင်မြင်လိမ့်မည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ယုံကြည်ထားကြောင်း ပေကျင်းမြူနီစီပယ်ကော်မရှင် မြို့ပြစီမံကိန်းရေးရာဌာန ညွှန်ကြားရေးမှူးဟွန်ယန်းက ဆင်ဟွာသို့ ဇန်နဝါရီ ၂၅ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

ဆေးပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ စင်ကာပူ၌ နှစ်ရက်ကြာကျင်းပ

စင်ကာပူ ဇန်နဝါရီ ၂၆

မျက်မှောက်ခေတ်တိုးတက်မှုနှင့် အခက်အခဲပြဿနာများနှင့်စပ်လျဉ်းသည့် ဓာတုဆေးပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို စင်ကာပူနိုင်ငံ၌ ဇန်နဝါရီ ၂၅ရက်တွင် စတင်ကျင်းပကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ ဗြိတိန်နှင့် အရှေ့တောင်အာရှမှ သုတေသနပညာရှင်များ တက်ရောက်ကြပြီး စာတမ်းဖတ်ပွဲကို နှစ်ရက်ကြာကျင်းပကြောင်း သိရသည်။

အထောက်အကူဖြစ်

ယင်းစာတမ်းဖတ်ပွဲသည် လုပ်ငန်းခွင်အတွင်းမှ သုတေသနပညာရှင်များနှင့် ကျောင်းသားများအား အဓိကထား၍ ရည်ရွယ်ခြင်းဖြစ်သည့်အပြင် ဆေးဝါးတီထွင်ထုတ်လုပ်ရေးအပါအဝင် ခေတ်မီသုတေသနလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အရေးပါသောနည်းလမ်းသစ်များကို ရရှိစေရန် အထောက်အကူဖြစ်မည်ဟု ယူဆရကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်သို့ တပ်ဖွဲ့ဝင်များ ပြင်သစ် ထပ်မံ စေလွှတ်မည်မဟုတ်

ပါရီ ဇန်နဝါရီ ၂၆

ပြင်သစ်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံသို့ တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များ ထပ်မံ စေလွှတ်လိမ့်မည်မဟုတ်ကြောင်း၊ သို့သော် လေ့ကျင့်ပေးသူများနှင့် အရပ်ဘက်အကူအညီပေးသူများကိုသာ စေလွှတ်ပေးဖွယ်ရှိကြောင်း ပြင်သစ်သမ္မတ ဆာကိုဇီက ဇန်နဝါရီ ၂၅ရက်၌ ပြောကြားသည်။

ကြေညာထား

ဤနိုင်ငံသည် အမေရိကန်၊ ဗြိတိန်နှင့် ဂျာမန်တို့ပြီးလျှင် အာဖဂန်နစ္စတန်သို့ စတုတ္ထအများဆုံး အကူအညီပေးနေသော နိုင်ငံဖြစ်သည်။ လက်ရှိ ပြင်သစ်နိုင်ငံက အာဖဂန်၌ တပ်ဖွဲ့ဝင် ၃၇၅၀ စေလွှတ်ထားသည်။ ပြီးခဲ့သည့်နှစ်က အမေရိကန်က တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံစေလွှတ်ရန် ကြေညာထားသည်။ ပြင်သစ်နိုင်ငံသည်လည်း တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ပေးရန် ဖိအားပေးခံနေရသည်။

အမ်အင်န်အေ၊ရိုက်တာ

မလေးရှား ရော်ဘာထုတ်ကုန်ပစ္စည်း ပြည်ပတင်ပို့မှု ယခုနှစ်အတွင်း ဒေါ်လာ ၃ဘီလီယံကျော်ရရှိမည်ဟု မျှော်မှန်း

ကွာလာလမ်ပူ ဇန်နဝါရီ ၂၆

မလေးရှားနိုင်ငံအတွင်း ၂၀၁၀ခုနှစ်၌ ရော်ဘာလက်အိတ်ထုတ်လုပ်မှုမှရရှိမည့် အမေရိကန်ဒေါ်လာ ၂ဒသမ ၂၆ဘီလီယံအပါအဝင် ရော်ဘာထုတ်ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ဒသမ၂၆ဘီလီယံရရှိမည်ဟု မျှော်မှန်းကြောင်း ဒေသတွင်းမီဒီယာများက ဇန်နဝါရီ ၂၆ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုနှစ်အတွင်း ရော်ဘာထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုမှာ အတော်အတန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရော်ဘာလက်အိတ်ထုတ်လုပ်မှုဈေးကွက်၌လည်း မလေးရှား ရော်ဘာလက်အိတ်များမှာ ဈေးကွက်ဝင်လာမှာဖြစ်ကြောင်း၊ မလေးရှားရော်ဘာပြည်ပပို့ကုန်မြှင့်တင်ရေးအဖွဲ့ အမှုဆောင်အရာရှိ တီဆွတ်ချောင်က ပြောကြားသည်။

ရရှိ

၂၀၀၉ခုနှစ်အတွင်း ရော်ဘာထုတ်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ဒသမ၁ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ခါယွန်နစ်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

အီရန်နိုင်ငံ အရှေ့မြောက်ပိုင်း မာရှာဟတ်မြို့အနီး၌ ရထားလမ်းချော်ပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

A(H1N1) ကာကွယ်ဆေးထိုးပြီးသူ မကာအို၌ တစ်သိန်းနီးပါးရှိပြီ

မကာအို ဇန်နဝါရီ ၂၆

တရုတ်နိုင်ငံ မကာအိုဒေသ၌ A (H1N1) တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးပြီးသူ စုစုပေါင်းမှာ ၉၇၄၆၂ဦးရှိသွားပြီဖြစ်ကြောင်း မကာအိုကျန်းမာရေးဌာနက ဇန်နဝါရီ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၀၉ခုနှစ် နိုဝင်ဘာလမှစတင်ကာ A(H1N1) တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးမှုကို စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ရောဂါကာကွယ်ဆေးများထိုးနေသည့်ကြားမှပင် ဇန်နဝါရီ ၂၅ရက်တွင် A(H1N1) ရောဂါပိုးကူးစက်ခံရသူတစ်ဦးကို ထပ်မံတွေ့ရှိခဲ့ကြောင်း ယင်းသတင်း၌ပါရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အိန္ဒိယသို့ပို့သည့် အီရန်ဓာတ်ငွေ့ပိုက်လိုင်း ပါကစ္စတန် ကာကွယ်စောင့်ရှောက်ပေးမည်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၆

ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ အီရန်ဓာတ်ငွေ့တင်ပို့ရာတွင် လုံခြုံစိတ်ချမှုရှိအောင် အကာအကွယ်ပေးသွားရန် ပါကစ္စတန်နိုင်ငံက သဘောတူကြောင်း အီရန်အမျိုးသားဓာတ်ငွေ့ပို့ကုန်ကုမ္ပဏီ အကြီးအကဲ ရီဇာကာဆေးဇဒေက ပြောကြားသည်။

တာဝန်ယူ

အီရန်နှင့် ပါကစ္စတန်တို့ ချုပ်ဆိုထားသည့် ဓာတ်ငွေ့သဘောတူညီချက်အရ ပါကစ္စတန်နိုင်ငံသည် ၎င်းတို့ပိုင်နက်နယ်မြေတွင် အီရန်နိုင်ငံ၏ ဓာတ်ငွေ့တင်ပို့မှုလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်ဟု မီဒီယာသတင်းဌာနက ဇန်နဝါရီ ၂၄ရက်တွင် ဖော်ပြသည်။

စောင့်ရှောက်

ပါကစ္စတန်နိုင်ငံသည် အဆိုပါသဘောတူစာချုပ်ကို အခြေခံ၍ အိန္ဒိယနိုင်ငံသို့ အီရန်ဓာတ်ငွေ့တင်ပို့မှုကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်ဟု ဆိုသည်။

အီရန်နှင့် ပါကစ္စတန်သမ္မတများသည် ၂၀၀၉ခုနှစ် မေလတွင် တီဟီရန်မြို့၌ ဓာတ်ငွေ့ပိုက်လိုင်းသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါပိုက်လိုင်းကို ငြိမ်းချမ်းရေးပိုက်လိုင်းဟုလည်း ခေါ်ဆိုကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အလယ်ပိုင်း၌ ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ရေနံနှင့် ဓာတုပစ္စည်းတင်သွင်းမှု ဗီယက်နမ်၌ တန်ချိန် ၁၂သန်းကျော်

ဟန်နွိုင်း ဇန်နဝါရီ ၂၆

ဗီယက်နမ်နိုင်ငံ၏ ရေနံနှင့် ဓာတုဗေဒပစ္စည်းတင်သွင်းမှုသည် ပြီးခဲ့သည့်နှစ်က တန်ချိန် ၁၂ ဒသမ ၇သန်းရှိကာ နှစ်အလိုက် ရာခိုင်နှုန်းအားဖြင့် ၂ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဗီယက်နမ်အကောက်ခွန်ဦးစီးဌာနက ဇန်နဝါရီ ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

၂၀၀၉ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသည် အခြားသောနိုင်ငံများမှ ရေနံနှင့် ဓာတုဗေဒပစ္စည်းများ အမေရိကန်ဒေါ်လာ ၆ဒသမ ၃ဘီလီယံဖိုး ဝယ်ယူသုံးစွဲခဲ့ကြောင်း၊ ထိုနှစ် နှစ်ဆန်းပိုင်းက ဝယ်ယူတင်သွင်းမှု ၄၃ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလက ဤနိုင်ငံသည် ရေနံနှင့် ဓာတုဗေဒပစ္စည်း တန်ချိန် ၉၃၄၀၀၀ တင်သွင်းခဲ့ရာ တစ်လချင်းအလိုက် ၃၁ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဝါဒက်ပြည်နယ်၌ ဗုံးပေါက်ကွဲ အာဖဂန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ဝါဒက်ပြည်နယ်၌ ဇန်နဝါရီ ၂၃ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အာဖဂန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း တိုလိုရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ပစ်မှတ်ထား

ယင်းဖြစ်ပွားမှုသည် ဝါဒက်ပြည်နယ် အကြီးအကဲနှင့် ရုံးအဖွဲ့အားပစ်မှတ်ထားကာ ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဖမ်းဆီး

၎င်းတိုက်ခိုက်မှုသည် တာလီဘန်လက်နက်ကိုင်များ၏ လက်ချက်ဖြစ်သည်ဟု ယူဆရပြီး သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗုံးဖောက်ခွဲမှုတွင် ပါဝင်ပတ်သက်သူ တာလီဘန်နှစ်ဦးအား ဖမ်းဆီးနိုင်ခဲ့သည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

စပိန်လေကြောင်းဖြင့် ပီရူးသို့ခရီးသွားများလာရောက်

ပီရူးနိုင်ငံသို့ စပိန်လေကြောင်းလိုင်း အီဘာရီယာနှင့် ဥရောပလေကြောင်းလိုင်း အဲယားယူရုပ်တို့ဖြင့် လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေသည် တစ်နှစ်လျှင် ၁၂၀၀၀၀ ရှိလိမ့်မည်ဟု မျှော်လင့်ရကြောင်း ပီရူးနိုင်ငံခြားကုန်သွယ်ရေးနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဝန်ကြီး မာတင်ပီရက်က ဇန်နဝါရီ ၂၅ရက်တွင် ပြောကြားသည်။

သန့်စင်စွမ်းအင်ထုတ်လုပ်ရေးဘရာဇီးသမ္မတဆော်ဩ

ဘရာဇီးနိုင်ငံတွင် သန့်စင်စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပြုလုပ်ကြရန် ဘရာဇီးသမ္မတ လူးဝစ်အင်နာစီယိုဒါဆေးလ်ဗားက ဆော်ဩလိုက်သည်။

ကမ္ဘာ့ရေနံဈေး ပြန်လည်ဦးမော့လာ

ကမ္ဘာ့ရေနံဈေးသည် ဇန်နဝါရီ ၂၅ရက်တွင် အမေရိကန်ဒေါ်လာ ၇၅ဒေါ်လာ အထက်သို့ တက်သွားကြောင်း ၂၀၀၉ခုနှစ် မတ်လမှစ၍ ရေနံဈေးကျနေခဲ့ရာမှ ယခုကဲ့သို့ ပြန်လည်ဦးမော့လာခြင်းဖြစ်သည်။ လွန်ခဲ့သည့်သီတင်းပတ်တွင် ရေနံဈေး ၇၄ဒသမ ၅၄ဒေါ်လာရှိခဲ့ရာမှ ယခုကဲ့သို့ ဈေးတက်သွားခြင်းဖြစ်သည်။

အာဖဂန်ဆိုင်ရာဆွေးနွေးပွဲ အင်ဒိုတက်ရောက်မည်

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါသည် လန်ဒန်မြို့၌ ဇန်နဝါရီ ၂၇ရက်နှင့် ၂၈ရက်တွင် ကျင်းပမည့် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံသို့ တက်ရောက်ရန်အတွက် ထွက်ခွာသွားပြီဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ၇၇နိုင်ငံ ထက်မနည်း ပါဝင်သည့် အဆိုပါဆွေးနွေးပွဲ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

လေယာဉ်ပျက်ကျရာမှ အလောင်း၂၅လောင်းတွေ့ရှိ

လက်ဘနွန်နိုင်ငံကမ်းလွန်တွင် ဇန်နဝါရီ ၂၅ရက်က အီသီယိုးပီးယားလေယာဉ် တစ်စင်းပျက်ကျခဲ့ပြီးနောက် အသက်ရှင်ကျန်ရစ်သူများအား ဆက်လက်ရှာဖွေလျက်ရှိရာ အလောင်း ၂၅လောင်းကို တွေ့ရကြောင်း အီသီယိုးပီးယားလေကြောင်းလိုင်းက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ဘတ်စ်ကားတစ်စီးချောက်ထဲကျရာမှ ငါးဦးသေဆုံး

ဘိုလီးဗီးယားနိုင်ငံအလယ်ပိုင်း ဆာကာဘာဒေသတွင် ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်ပြီး ချောက်ကမ်းပါးထဲထိုးကျရာမှ ငါးဦးထက်မနည်းသေဆုံးပြီး ၁၆ဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

နယူးဇီလန်လေကြောင်းပိုင်လေယာဉ်များ ပြုပြင်မွမ်းမံ

နယူးဇီလန်နိုင်ငံသည် ယခုနှစ်ကုန်ပိုင်းတွင် ခရီးဝေးပျံသန်းမည့် လေယာဉ်အခန်း များကို ပြန်လည်မွမ်းမံပြင်ဆင်ကာ ခရီးသည်များ တွက်ခြေကိုက်စွာ အသုံးပြုနိုင်မည့် နေရာထိုင်ခင်းများပေးနိုင်အောင် နယူးဇီလန်လေကြောင်းလိုင်းက ဆောင်ရွက်သွားမည် ဖြစ်သည်ဟု နယူးဇီလန်အသံလွှင့်ဌာနက ကြေညာသည်။

တရုတ်၌ ပြောက်အိုးစက်ရုံပေါက်ကွဲ

တရုတ်ပြည်သူ့သမ္မတနိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းက ပြောက်အိုးစက်ရုံပေါက်ကွဲသဖြင့် မီးသတ်သမားသုံးဦးပျောက်ဆုံးနေ ကြောင်း ဒေသဆိုင်ရာ မီးသတ်အာဏာပိုင်များက ပြောကြားသည်။

ပိုလန်လေဆိပ်များ၌ ခရီးသည်လျော့နည်းကျဆင်းလာ

ပိုလန်နိုင်ငံလေဆိပ်များသည် ၂၀၀၉ခုနှစ်တွင် ခရီးသည် ၁၈၉၄၅၈၅၇ဦးကိုသာ လက်ခံနိုင်ခဲ့ကြောင်း၊ ၂၀၀၈ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ခရီးသည် ၈ဒသမ၂၅ရာခိုင်နှုန်း လျော့နည်းသွားကြောင်း ပိုလန်နိုင်ငံမြို့ပြလေကြောင်းလိုင်းရုံး(ယူအယ်လ်စီ)က ဇန်နဝါရီ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ရထားစီမံခန့်ခွဲမှုစာချုပ် ပြန်လည်ရုပ်သိမ်းမည်

တန်ဇန်းနီးယားအစိုးရနှင့် အိန္ဒိယရထားဆိုင်ရာ စက်မှုနှင့်စီးပွားရေးဝန်ဆောင်မှု ကုမ္ပဏီတို့အကြား ချုပ်ဆိုထားသော ၂၅နှစ်သက်တမ်းရှိသည့် သဘောတူစာချုပ် သုံးနှစ် ပြည့်မြောက်ပြီးနောက် ရုပ်သိမ်းရန်စီစဉ်လျက်ရှိသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြ သည်။

(အင်တာနက်)

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၀ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၁၄ရက်နှင့် ၁၅ရက်တို့တွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့ အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌတို့က ဇန်နဝါရီ ၁၄ရက် မွန်းလွဲပိုင်းတွင် နာဂရိုးရာ နှစ်သစ်ကူး ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် နှစ်သစ်ကူးပွဲတော်ကျင်းပရာ ကွင်းအတွင်း တံခွန်တိုင်စိုက်ထူခြင်း၊ ရိုးရာပန်ရေ့တွင် ဆုတောင်းတိုင်စိုက်ထူကာ ရိုးရာပန်တုံးတီးခတ်ခြင်းများကို ရိုးရာအစဉ်အလာအတိုင်း ဆောင်ရွက်ကြပြီး ရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၏ မိတ်ဆက်ကပြမှုအစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းက အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး သဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဒေသခံ တစ်ဦးက နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များအား နာဂရိုးရာ နှစ်သစ်ကူးလက်ဆောင်များကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးသည့် ထောက်ပံ့ပစ္စည်းများကို ဒေသခံကိုယ်စားလှယ်ထံ ပေးအပ်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများကို ဒေသခံကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။

ယင်းနောက် တက္ကသိုလ်၊ ကောလိပ်နှင့် သက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအတွက် ပညာရည်ချွန်ဆုများကို ခန္တီးတပ်နယ်မှူးက ပေးအပ်ချီးမြှင့်ရာ ကျောင်းသူတစ်ဦးက လက်ခံသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရိုးရာအက အဖွဲ့များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပွဲတော်ကွင်းအတွင်းရှိ ဌာနဆိုင်ရာပြခန်း များ၊ ရိုးရာလက်မှုပြခန်းများနှင့် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို လှည့်လည်ကြည့်ရှု အားပေးကြကာ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းမှူး နှင့် ဝန်ကြီးတို့က ဂုဏ်ပြုဆုငွေများနှင့် အားကစားဝတ်စုံများကို ပေးအပ်ချီးမြှင့်ကြသည်။

ညပိုင်းတွင် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာ ယဉ်ကျေးမှုအက မီးပုံပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက ရိုးရာယဉ်ကျေးမှု အက မီးပုံကို မီးထွန်းညှိကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ရိုးရာအက

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အကအဖွဲ့များက ရိုးရာအကများ ဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး အကအဖွဲ့များအား ဆုများကို ပေးအပ် ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းပြင်ကျေးရွာ အမှန်မြင်စာကြည့်တိုက် (၇)နှစ်ပြည့် အခမ်းအနားကျင်းပ

နေပြည်တော်လယ်ဝေး ဇန်နဝါရီ ၂၆

နေပြည်တော်လယ်ဝေး မင်းပြင်ကျေးရွာ အမှန်မြင်စာကြည့်တိုက်၏ (၇)နှစ်ပြည့် အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် နေပြည်တော်လယ်ဝေး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုကြီးနှင့် မင်းပြင်ကျေးရွာ အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်သူတို့က ဂုဏ်ပြုအမှာစကား ပြောကြား ကြသည်။ ဆက်လက်၍ အမှန်မြင်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့် လွင်က ကျေးဇူးတင်စကားပြောကြားပြီး စေတနာရှင်များက စာအုပ်၊ စာစောင်များ လှူဒါန်းသည်။ ထို့နောက် အမှန်မြင်စာကြည့်တိုက်၏ တစ်နှစ်တာကာလအတွင်း အများဆုံးစာငှားသူဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပန်းတနော်မြို့မဈေး၌ ဇန်နဝါရီ ၆ရက် မွန်းလွဲ ၂နာရီက မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဦး၊ ဒုတိယရဲမှူးဝင်းနိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြစဉ်။ (မြို့တော်စည်ပင်)

အထက (၅) ဗိုလ်တထောင် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး ရရှိသူများ၊ မြို့နယ်၊ တိုင်းအဆင့် ဘက်စုံထူးချွန်ဆု ရရှိသူများ၊ ကျောင်းတွင်း ပညာရည်ချွန်နှင့် ဘက်စုံ ထူးချွန်ဆု ရရှိသူများအား ဖေဖော်ဝါရီ ၆ရက် (စနေနေ့) နံနက် ၉နာရီတွင် အထက(၅)ဗိုလ်တထောင်၌ ဆုချီးမြှင့် ပွဲ ကျင်းပမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း ကျောက်ကြီးမြို့၌ ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွား လူထိခိုက် ဒဏ်ရာရရှိမှုမရှိ

နေပြည်တော် ဇန်နဝါရီ ၂၆

ပဲခူးတိုင်း ကျောက်ကြီးမြို့၌ ယနေ့နံနက်စောစောပိုင်းက ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ နံနက် ၄နာရီခန့်တွင် ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်ရှိ အဆောက်အအုံတစ်ခု၏ရှေ့နှင့် ၄ နာရီ ၅ မိနစ်ခန့်တွင် မေတ္တာရပ်ကွက် အိမ်တစ်အိမ်ရှေ့တို့၌ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုအချိန်များတွင် လူသူသွားလာလှုပ်ရှားမှု မရှိသေးသဖြင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရှိရပြီး အဆောက်အအုံများ၏ ခြံစည်းရိုး၊ ပြတင်းတံခါးအချို့သာ အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

လုပ်ဆောင်ခဲ့

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်မှာ KNU အကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၃) လက်အောက်ခံ အဖွဲ့တစ်ဖွဲ့က လုပ်ဆောင် ခဲ့ခြင်းဖြစ်ပြီး အလားတူ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၆ရက် ကရင်နှစ်သစ်ကူးနေ့ တွင် ကရင်ပြည်နယ် ဖာပွန်မြို့၌ KNU အကြမ်းဖက် သောင်းကျန်းသူ တပ်မဟာ (၅)လက်အောက်ခံအဖွဲ့တစ်ဖွဲ့၏ လုပ်ဆောင် ချက်ဖြင့် ပြည်သူခုနစ်ဦး သေဆုံး၊ ၁၁ဦး ဒဏ်ရာရရှိခဲ့သည်။

လုပ်ရပ်များက သက်သေခံ

KNU အကြမ်းဖက် သောင်းကျန်းသူ တို့အနေဖြင့် ကရင်လူမျိုးကောင်းစားရေး၊ ကရင်ပြည်နယ်ကောင်းစားရေးဟု အမြဲ ကြွေးကြော်နေသော်လည်း လက်တွေ့တွင်မူ ကရင်လူမျိုးအများစုနေထိုင်ရာ မြို့၊ ရွာ များတွင် ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးရာ တာဝါတိုင်များ မိုင်းခွဲဖျက်ဆီးခြင်း၊ ပြည်သူများ လုပ်ကိုင် စားသောက်နေသော ဥယျာဉ်ခြံမြေများ အတွင်း မိုင်းထောင်ခြင်း၊ ကျေးရွာများသို့ ဆက်ကြေးငွေ၊ ဆန်၊ ရိက္ခာများ အဓမ္မ တောင်းခံခြင်းစသည့် အဖျက်လုပ်ရပ် များသာ တစိုက်မတ်မတ် လုပ်ဆောင်နေ ကြောင်းကို ၄င်းတို့၏ လုပ်ရပ်များက သက်သေခံလျက်ရှိသည်။

ပူးပေါင်းဆောင်ရွက်

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် အသွင်အမျိုးမျိုးဖြင့် အေးချမ်း တည်ငြိမ်လျက်ရှိသော မိမိရပ်ရွာ၊ နယ်မြေ များသို့ ထိုးဖောက်ဝင်ရောက်ပြီး အဖျက် လုပ်ငန်းများ လုပ်ဆောင်လာသည့်အတွက် ဒေသခံပြည်သူလူထုတို့အနေဖြင့် မခံမရပ် နိုင်ဖြစ်ပြီး အဖျက်သမားများကို ဖော်ထုတ် အရေးယူနိုင်ရေးအတွက် တာဝန်ရှိသူများ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လားရှိုး-သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်း ပြုပြင်ထိန်းသိမ်းမှု ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇန်နဝါရီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀နာရီခွဲတွင် လားရှိုး-သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်း မိုင်တိုင်အမှတ် ၂၇မိုင် လေးဖာလုံ၌ လမ်းပြုပြင်ထိန်းသိမ်းမှုများကို ကြည့်ရှုစစ်ဆေးပြီး လမ်းအခြေအနေကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

အရည်အသွေးပြည့်မီ

ထို့နောက် လားရှိုး-သိန်းနီ- ကွမ်းလုံ-ချင်းရွှေဟော်လမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း နမ့်စလပ် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က သတ်မှတ်စံချိန်စံညွှန်း များနှင့်အညီ လမ်းအရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ပညာပေး

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မွန်းလွဲပိုင်းတွင် လားရှိုးတပ်နယ်ဘက်စုံ မွေးမြူရေးစခန်း၌ နို့စားနွားများ မွေးမြူထားရှိမှု၊ နွားနို့ထုတ်ယူနေမှုနှင့် နွားစာမြက်စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စနစ်ကျသော မွေးမြူရေး လုပ်ငန်းများကို ဒေသအတွင်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နိုင်ရေး ပညာပေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ရုံးအစည်းအဝေး ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ရက် နံနက် ၁၀နာရီတွင် ကျောက်မဲတပ်နယ် ဥစားကြက်မွေးမြူရေးခြံ၌ ကြက်ဥထုတ်လုပ်နေမှုကိုလည်းကောင်း၊ ကျောက်မဲမြို့ မွေးမြူရေးဇုန်ရှိ ကြက်အစာစပ်စက်ရုံ၊ ကြက်သားပေါက်များနှင့် ကြက်ဥထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ယင်းနောက် နောင်ချိုမြို့ ဘက်စုံစိုက်ခင်းသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုသည့် မွေးမြူရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန် မှာကြားကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိန်တစ်လုံး သရက်စိုက်ခင်း၊ ကော်ဖီစိုက်ခင်း၊ မက္ကဒေးမီးယားပင်များ ပျိုးထောင်ထားရှိမှုနှင့် နွားမွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥစားကြက်မွေးမြူရေးခြံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကျောက်မဲတပ်နယ် ဥစားကြက်မွေးမြူရေးခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၄)တွင် political Times အထူးအချပ်ပိုအပါအဝင် သတင်းစာကာတွန်းများ၏ အခန်းကဏ္ဍနှင့် ၂၀၁၀လွန်မြန်မာ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်း သတင်းစာများက ပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

ယင်းအပြင် ဆရာဦးကိုကိုလှိုင်၏ နိုင်ငံရေးအပြောနှင့်အလုပ်၊ ဆရာမောင်သာနု၏ ရွက်ကြွေတောမှာမောခဲ့ရပြီ စသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ စက်သုံးဆီအရောင်းဆိုင်များ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးတော့မည်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ဆန်းဦးတို့၏ အိမ်အမွေမှု ဆက်လက်ကြားနာ၊ ဩစတြေးလျ၊ နယူးဇီလန်သို့ အခွန်လျှော့ပေါ့တင်ပို့ခွင့်လျှောက်နိုင်ပြီ၊ ကိုရီးယားက မြန်မာကို ကူညီရန် KOICA ဥက္ကဋ္ဌ ပထမဆုံးလာရောက်၊ အာရှ၏ ပထမတန်း ဘောလုံးသမားများ ဧယျာရွှေမြေက ဝယ်ယူ၊ အမျိုးသမီးတစ်ဦးကို စုန်းဟုစွပ်စွဲကာ သတ်သူကိုးဦးအား ဖော်ထုတ်ဖမ်းဆီး၊ မြန်မာပြည်အထက်ပိုင်း ပဲဈေးကွက် အပြောင်းအလဲများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အက်ဖ်အမ်အသံလွှင့်အစီအစဉ်များနှင့် အကျိုးရလဒ်၊ လက်တွဲဖော်မဟုတ်ပေမယ့် မောင်နှမလို၊ ဆရာတပည့်လို ဆက်ဆံရေးနှင့် ယူရေနီယံအတွက် လက်တွဲသွားမယ် ယူရေနီယံအကအဖွဲ့မှ ဖေယျာနှင့် ခိုင်လေးတို့နှင့် တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အာရှရွှေခေတ်သို့ ရောက်ရှိနိုင်ဖွယ်ရှိ၊ အမေရိကန်တို့ အလုပ်တွင်မပျော်မရွှင်ဖြစ်နေသူများပြား၊ တရုတ်ပြည်တွင် အမျိုးသမီးရှားပါးမှုပြဿနာကြောင့် သားရှင်မိဘများ စိတ်ပူပန်နေ၊ ပြည်တွင်းလုံခြုံရေးအတွက် အမေရိကန် ကြိုတင်ပြင်ဆင်ထားခြင်းမရှိ၊ ရင်သားကင်ဆာကို အချိန်တိုအတွင်း ကုသနိုင်တော့မည်၊ ဆူနာမီကဲ့သို့ ကြောက်မက်ဖွယ်လှိုင်းကြီး အင်ဒိုတွင် လှုပ်ခတ်နိုင်ဖွယ်ရှိ၊ ရောမယူနီဗာဆယ် စတူဒီယိုဥယျာဉ်ကြီး တောင်ကိုရီးယား တည်ဆောက်မည်၊ လူ့အကြိုက်လိုက်တတ်သော စက်ရုပ်ပျိုတီထွင် ထုတ်လုပ်၊ အဘိုးဖြစ်သူကို ရက်စက်စွာ သတ်သည့် မြေးနှစ်ဦး ထောင်ဒဏ်တစ်သက် ချမှတ်ခံရ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အထောက်အကူပြု ဘာသာရပ်ဟောပြောပွဲ

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၁၆ရက် နံနက် ၈နာရီက နေပြည်တော် တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထောက်အကူပြု သင်ကြားပို့ချကြရာ ဇီဝဘာသာရပ်ကို ပါမောက္ခ ဒေါက်တာဒေါ်တင်တင်ညွန့်ကလည်းကောင်း၊ ရူပဘာသာရပ်ကို တွဲဖက်ပါမောက္ခ ဒေါ်မိမိမော်ကလည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်ကို ဒေါက်တာဒေါ်မေစန်းရီက လည်းကောင်း၊ သင်္ချာဘာသာရပ်ကို ကထိက ဦးကျော်ကျော်တို့ကလည်းကောင်း၊ ဓာတုဘာသာရပ်ကို သရုပ်ပြ ဒေါ်မာနီဝင်းက လည်းကောင်း ဟောပြောကြသည်။

(အောက်ပုံ) (ဝ၉၁)

နှစ် (၅၀၀)ပြည့် ကေတုမတီ

➤ သတင်းမှတ်စု-ရေးသူမောင်ကြင်နွယ်

နေပြည်တော် ဇန်နဝါရီ ၂၆

ကောဇာသက္ကရာဇ် ၈၇၂-၁၃၇၂ထိ (ခရစ်နှစ် ၁၅၁၀-၂၀၁၀)ခုနှစ်တွင် ကေတုမတီ (တောင်ငူ)မြို့ကြီးသည် နှစ်(၅၀၀) တင်းတင်းပြည့်တော့မည်ဖြစ်သည်။

" ကေတုမတီ တိုင်းရွှေပြည် "
- ညီနောင်မြတ်စော၊ အရှေ့တော
ကျောက်ဆောက်ရှင်ပင်၊ အနောက်ခွင်
လူရှင်ကြည်ဖြူ၊ မြို့တောင်ငူ။
- ခပေါင်းချောင်းနှင့်၊ ပေါင်းလောင်းတစ်ခွင်
လွှန်စည်ပင်၊ ပြည်ခွင်တိုင်းကြီး တည်လတ္တံ့။

ယင်းကဲ့သို့သော အတိတ်နိမိတ် တပေါင်များအရ အများရှင်လူပြည်သူမှီခို ရန်လုံးပြိုရမည့် မြို့တော်သစ်တစ်ရပ်ကို တည်ထောင်ရန် အချိန်အခါအား သတ်မှတ်ခဲ့သည်။

စတင်တည်ဆောက်ခဲ့

မင်းကြီးညိုသည် မြို့တော်သစ်တည်ရေးအတွက် ရဟန်းပညာရှိ၊ လူပညာရှိတို့နှင့် မပြတ်တိုင်ပင် ဆွေးနွေးတော်မူခဲ့သည်။

မြို့တော်သစ်တည် မင်္ဂလာအချိန်သည်ကား သက္ကရာဇ် ၈၇၂ခု တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့ဖြစ်ပြီး နံနက် ၂ချက်တီးအချိန် ကေတုမတီရွှေမြို့တော်ကို စတင်တည်ဆောက်ခဲ့သည်။

*မြို့တော်သစ်ကို စတင်တည်ဆောက်စေပြီးနောက် မြို့တော်အတွက် နာမကရဏ အမည်တပ်ရန်အရေးကို ရဟန်းပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် တိုင်ပင် ရွေးချယ်စိစစ်တော်မူပြီး ဇမ္ဗူဒိပ်ကျွန်း၏ တုရင်မှန်ကင်းသဖွယ် ဖြစ်မည့်မြို့တော်တည်ရာမြေနှင့်တကွ အလွန်သာယာကာ တုဘက်ကင်းသော မြို့ဖြစ်သဖြင့် နိမိတ်မင်္ဂလာကိုယူ၍ **'ကေတုမတီ'** ဟု မှည့်ခေါ်ရန် အမိန့်တော်ရှိခဲ့သည်။*

ကေတုမတီဟူသော အမည်သညာသည် သီရိဝဍ္ဎနကဏ္ဍ မင်္ဂလာကြီးဖြစ်သည်။ ဤမြို့တော်သည် အေးမြချမ်းသာသော ဂုဏ်နှင့်ပြည့်စုံ၍ ထွန်းလင်းတောက်ပထိန်ဝေရန် နိမိတ်ဖြစ်သည်။

တန်ခိုးနှင့်ပြည့်စုံ

*ဤမြို့ကို ရန်သူတို့ မဖြိုမဖျက်နိုင်အောင်၊ မလှုပ်မရှားခိုင်ခံ့သော **'အစလဌာန'** ဟူ၍ လည်းကောင်း၊ ရန်သူတစ်ပါးတို့ မအောင်နိုင်သော **"အယုဇ္ဈဌာန"** ဟူ၍ လည်းကောင်း ဆိုထိုက်သည်ဟု ဆိုသည်။ ကေတုမတီမြို့တော်၌ စံနေတော်မူသော မင်းဧကရာဇ်တို့သည် ရောင်ခြည်တစ်ထောင် အလင်းဆောင်သောနေမင်း၏ ဘုန်းတန်ခိုးကဲ့သို့ ကြီးကျယ်ထွန်းပသော တန်ခိုးနှင့် ပြည့်စုံမည်။*

*သဒ္ဒါနည်းအားဖြင့်ဆိုလျှင် **"ကေတု"** သည် တံခွန်၊ မှန်ကင်း၊ အောင်လံဟူသော အနက်ကို ဆောင်သည်။ ကေတုမတီနေပြည်တော်ကို တည်ဆောက်ရာ၌ မြို့တော် အကျယ်အဝန်းမှာ အရှေ့အနောက်တာပေါင်း ၇၀၀ရှိသည်။ တောင်နှင့်မြောက် တာပေါင်း ၁၀၀၀ရှိသည်။ မြို့တံခါးကြီး ၂၀ရှိပြီး ထိုမြို့တံခါးကြီး ၂၀၌ တံခါးတစ်ပေါက်တွင် သိမ်တော်တစ်ဆူကျစီ တစ်ပြိုင်နက်တည်း တည်သည်။*

ခံယူတော်မူ

*ကေတုမတီ ရွှေနန်းရှင်ဘုရင် မင်းကြီးညိုသည် ရွှေနန်းတော်ကို သိမ်းမြန်းတော်မူပြီးနောက် ဥကင်သအခမ်းအနားဖွင့်ရန် အချိန်အခါတော်တိုင် စောင့်မျှော်နေတော်မူသည်။ သက္ကရာဇ် ၈၇၃ခုနှစ်သို့ ကူးပြောင်းအပြီး နှစ်ဦးအခါတော်ဖြစ်သည့် ကဆုန်လဆန်း ၆ရက် အင်္ဂါနေ့တွင် သင်္ကြန်တော်ခေါ်သည်။ ဥကင်တော်ဖွင့် အခမ်းအနားကို ကဆုန်လပြည့် (စနေနေ့)တွင် ကျင်းပသည်။ ထိုဥကင်တော်ဖွင့် ဘိသိက်မင်္ဂလာခံယူတော်မူပြီးနောက် မင်းကြီးညို ခံယူတော်မူသော ဘွဲ့တံဆိပ်မှာ **"မဟာသီရိဇေယျသူရဓမ္မရာဇဓိပတိ"** ဖြစ်သည်။*

တောင်ငူဘုရင် မင်းကြီးညိုသည် ကောဇာသက္ကရာဇ် ၈၇၂ ခုနှစ်က ကေတုမတီ (တောင်ငူ)မြို့ကြီးနှင့် တောင်ငူ ရွှေနန်းတော်ကြီးကို စည်တော်၏မျက်နှာပြင်ကဲ့သို့ ညီညာပြန့်ပြူးသော မြေပြင်ပေါ်တွင် စနစ်တကျ တည်ဆောက်ခဲ့သည်။

အကြီးကျယ်ဆုံး

ယနေ့တိုင်အောင် မြို့ရိုးတစ်ဝက်တစ်ပျက်များ၊ လေးကျွန်းကန်ကြီးနှင့် ရေကျုံးများ၊ ဘုရားပုထိုးစေတီ အများအပြားကို တွေ့မြင်နိုင်သေးသည်။ တောင်ငူမြို့တော်ကြီးကို အခြေခံ၍ ဘုရင့်နောင်မင်းတရားကြီးသည် မြန်မာ့သမိုင်းတွင် အကြီးကျယ်ဆုံး၊ အကျယ်ပြန့်ဆုံးသော ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။

သမိုင်းကြောင်းအရလည်းကောင်း၊ စာပေအနုပညာအရလည်းကောင်း၊ မြန်မာ့သမိုင်း စာမျက်နှာတွင် ခံ့ထည်စွာ နေရာယူခဲ့သော မြို့တော်ကြီးလည်း ဖြစ်ပေသည်။

ကေတုမတီမြို့တော်ကြီးကို ဘုရင်မင်းကြီးညိုသည် အတွင်းကျုံး၊ အပြင်ကျုံးများနှင့် အပြင်မြို့ရိုး၊ အတွင်းမြို့ရိုးများဖြင့် တည်ဆောက်ခဲ့သည်။ သို့ရာတွင် ရတနာပုံ မန္တလေးမြို့တော်ကို တည်ဆောက်ရာ၌ မြို့ရိုးအတွင်း၌ အများအားဖြင့် ဘုရင့်နန်းတော်၊ လွှတ်တော်၊ မင်းညီမင်းသား၊ မိဖုရားများ နေထိုင်စံမြန်းရာဖြစ်ပြီး မြို့တော်ရှိ မြို့သူမြို့သားများကို ကျုံးနှင့်မြို့ရိုးအပြင်ဘက်တွင် ရပ်ကွက်များဖွဲ့၍ နေရာချထားပေးခဲ့သည်။

နေရာချထား

တောင်ငူမြို့တွင်မူကား အပြင်ကျုံး၊ အပြင်မြို့ရိုးနှင့် အတွင်းကျုံး၊ အတွင်းမြို့ရိုးဟူ၍ သတ်မှတ်တည်ဆောက်ထားပြီး မြို့သူမြို့သားများကို အပြင်ကျုံး၊ အပြင်မြို့ရိုး၏ အတွင်းဘက်၌လည်းကောင်း၊ ဘုရင့်နန်းတော်၊ လွှတ်တော်နှင့် မင်းညီမင်းသားများကိုမူ အတွင်းကျုံး၊ အတွင်းမြို့ရိုး၏အတွင်းဘက်၌လည်းကောင်း နေရာချထားရှိ၍ သတ်မှတ် နေထိုင်စေခဲ့သည်။

*ယခုအခါ နန်းတော်နေရာ၌ **"နန်းတော်ရာ"** ဟု ဆိုင်းဘုတ်သာကျန်ရှိတော့သည်။ အတွင်းကျုံး၊ အတွင်းမြို့ရိုးများမှာလည်း ပျောက်ကွယ်ခဲ့လေပြီ။ မြန်မာ့သမိုင်းတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ကေတုမတီ (တောင်ငူမြို့)ကြီးကို တည်ထောင်ခဲ့သည်မှာ ၂၀၁၀ ခုနှစ်တွင် နှစ်(၅၀၀)ပြည့်မြောက်ခဲ့လေပြီ။ ။*

27-1 (06).pmd 1 1/27/2010, 1:54 AM

❒ ရှေ့ဖုံးမှ

မြေသားလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် မောင်းဝင်ခဲ့ရာ မကြာမီ ဟာကျားမနိုးရွာ အောက်ဘက်သို့ ရောက်သည်နှင့် မြန်မာနိုင်ငံတွင် အကြီးမားဆုံးဟုဆိုရမည့် ပေါင်းစည်းလယ်ယာလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့သည်။

အံ့သြဖွယ်

နိုင်ငံတစ်ဝန်း သတင်းဆောင်းပါးများ ရေးသားရန်ခရီးထွက်လေတိုင်း ပေါင်းစည်းလယ်ယာများ အရွယ်အစားအမျိုးမျိုး မြင်တွေ့ခဲ့ရဖူးသည်။ သူ့အတိုင်းအတာနှင့် သူ့အရွယ်အစားအလိုက် အောင်မြင်ဖြစ်ထွန်းရန် ကြိုးစားဆောင်ရွက်နေသည်ကို တွေ့ခဲ့ရသည်။ ယခု တာချီလိတ်မြို့၊ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာရှိ ဦးကျဟဲ၏ ပေါင်းစည်းလယ်ယာလုပ်ငန်းခွင်မှာ ဧက ၃၀၀ရှိနေသဖြင့် အံ့သြဖွယ်ရာ မြင်တွေ့ခံစားလိုက်ရသည်။

အတူလိုက်ပါ

တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထူးမောင်တို့က တာချီလိတ်ခရိုင်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော ပေါင်းစည်းလယ်ယာရှိသည်။ သွားရောက်လေ့လာပါဦး ဆိုသဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ မိမိတို့နှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ထွန်းဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမောင်ကြည်၊ တာချီလိတ်မြို့နယ်သတင်းထောက် ဦးအောင်ဖြိုးရှိန်နှင့် ဦးစိုင်းကျော်ဝေါတို့လည်း လိုက်ခဲ့ကြသည်။

လိုက်လံပြသ

ပေါင်းစည်းလယ်ယာကို အောင်မြင်ဖြစ်ထွန်းစွာလုပ်ကိုင်နေသော ပိုင်ရှင် ဦးကျဟဲက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြီး သူ၏ လုပ်ငန်းများကို စိတ်ရှည်စွာ လိုက်လံပြသသည်။ ပထမဦးစွာ ကြက်မွေးမြူရေးခြံသို့ ဝင်ရောက်လေ့လာရန် မိမိတို့သတင်းအဖွဲ့သွားရာ ကြက်ခြံဝအဝင်၌ လူများတွင် ကပ်ပါလာနိုင်သည့် ရောဂါပိုးများအား ကာကွယ်ရန် ဦးကျဟဲက သူ့ဝန်ထမ်းတစ်ဦးအား ထုံးမှုန့်များကို ဖြူးခိုင်းသဖြင့် ခေတ္တ စောင့်ဆိုင်းနေရသည်။ ထုံးမှုန့်များ အဝင်ဝမြေကြီးပေါ်တွင် ဖြူးပြီးနောက်မှ ကြက်မွေးမြူရေးခြံအတွင်း ဝင်ရောက်ခဲ့ရသည်။

တေးဂီတသံစဉ်

မြူးကြွသော တေးဂီတသံစဉ်များ ဖွင့်ထားသဖြင့် သံစဉ်များက အပြင်သို့ လျှံထွက်လာသည်။ ကြက်မွေးမြူရေးခြံအတွင်း ဝင်လိုက်သည်နှင့် အတန်းလိုက်ဆောက်လုပ်ထားသော ကြက်မွေးစင်မြင့်များကို တွေ့မြင်ရသည်။ ပိုင်ရှင် ဦးကျဟဲက “ဒီအဆောင်မှာတော့ ကြက်အကောင်ရေ ၂၆၀၀ရှိပါတယ်။ ကြက်သားပေါက်တွေကိုဝယ်ယူပြီး မွေးထားတာပါ။ အစာကို နံနက်၊ နေ့လယ်၊ ညနေ သုံးကြိမ်ကျွေးပါတယ်။ အခုဆိုရင် ဒီကြက်မွေးမြူရေးအဆောင်က နေ့စဉ်ကြက်ဥ အလုံး ၂၄၀၀ ပျမ်းမျှထွက်ရှိတာပေါ့။ ဟိုဘက်အဆောင်မှာလည်း ဥစားကြက်အကောင်ရေ ၂၆၀၀မွေးမြူထားပါတယ်။ အဲ့ဒီအဆောင်ကတော့ ကြက်မဒန်းအရွယ်ကို ဝယ်ယူမွေးမြူထားတာပါ။ ဒီအဆောင်ကလည်း တစ်နေ့ပျမ်းမျှ ကြက်ဥအလုံးရေ ၂၄၀၀ခန့် ထွက်ရှိပါတယ်”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဦးကျဟဲမှာ လူလတ်ပိုင်းဖြစ်ပြီး ပေါင်းစည်းလယ်ယာလုပ်ငန်းအပေါ်တွင် ယုံယုံကြည်ကြည် တက်တက်ကြွကြွနှင့် လုပ်ကိုင်နေသူဖြစ်သည်။ ကြက်မွေးမြူထားသည့် အဆောင်များ၌ တေးဂီတသံစဉ်များ ဖွင့်ပေးထားခြင်းမှာမလိုလားအပ်သော ပတ်ဝန်းကျင်ဆူညံသံများကြောင့် ကြက်ဥနှုန်း မကျစေရန်ဖြစ်သည်။ ကြက်ခြံမှ နေ့စဉ်ထွက်ရှိသော ကြက်ဥများကို တာချီလိတ်မြို့တွင်းသို့ ဖြန့်ဖြူးရောင်းချသည်ဟု သိရသည်။ စုစုပေါင်း ကြက်အကောင်ရေ ၅၂၀၀ခန့်မှ နေ့စဉ်ကြက်ဥ ၄၈၀၀ နီးပါးထွက်ရှိနေရာ တွက်ခြေကိုက်လျက်ရှိသည်။

လိမ္မော်

ကြက်မွေးမြူရေးခြံမှ ထွက်ခဲ့ပြီး လိမ္မော်ပင်များ စိုက်ပျိုးထားမှုကို လေ့လာရန် ဦးကျဟဲက ခေါ်ဆောင်သဖြင့် လိုက်ပါသွားခဲ့သည်။ တောင်စောင်းနှင့် အနိမ့်ပိုင်းလွင်ပြင်တစ်လျှောက် စီတန်းညီညာစွာ စိုက်ပျိုးထားသည့် လိမ္မော်စိုက်ခင်းကို တစ်မျှော်တစ်ခေါ် မြင်တွေ့လိုက်ရသည်။ လိမ္မော်သီးများ ပြွတ်သိပ်နေအောင်သီးနေသည့် လိမ္မော်ပင် တစ်ပင်ကို ပြသရင်း “ကျွန်တော်စိုက်ထားတဲ့ လိမ္မော်မျိုးက ပျားလိမ္မော်အလုံးကြီးမျိုး ဖြစ်ပါတယ်။ အပင်ပေါင်း ၁၆၀၀၀ရှိပြီး အပင်အားလုံးသက်တမ်းက ငါးနှစ်နီးပါးရှိပြီဆိုတော့ အသီးတွေလှိုင်လှိုင်သီးနေပြီ၊ လိမ္မော်တစ်ပင်ကို အလုံး ၁၂၀၀ခန့်သီးပါတယ်။ အခုဆိုရင် ပထမဦးဆုံးအကြိမ်အဖြစ် လိမ္မော်သီးတွေခူးပြီး ပြည်ပကို စည်းမျဉ်းစည်းကမ်းနဲ့အညီ မော်တော်ယာဉ်တွေနဲ့ တင်ပို့နေပါတယ်”ဟု ဦးကျဟဲက ရှင်းပြသည်။

ခူးဆွတ်ပြီးသော လိမ္မော်သီးများကို ဆယ်ဘီးမော်တော်ယာဉ်ကြီးများပေါ်သို့ ဤသို့တင်ဆောင်ကာ ဈေးကွက်သို့ တင်ပို့ပေးသည်။ (မြန်မာ့အလင်း)

တာချီလိတ်မြို့နယ် ဦးကျဟဲ၏ ပေါင်းစည်းလယ်ယာမှ ကြက်မွေးမြူရေးခြံအတွင်း မွေးမြူထားသော ဥစားကြက်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

အသုံးပြု

အောင်မြင်စွာဖြစ်ထွန်းနေသော လိမ္မော်စိုက်ခင်းမှာ အသီးများဖြင့် ကြည့်၍ကောင်းလှသည်။ လိမ္မော်တစ်ပင်နှင့် တစ်ပင်အကြား ၁၂ပေခွာပြီး စိုက်ထားသည့်အပြင် မြေသြဇာထည့်ရန် မော်တော်ယာဉ် မောင်းဝင်နိုင်အောင်လည်း ဆောင်ရွက်ထားသည်ကို မြင်တွေ့ရသည်။ လိမ္မော်သီးမှာ အမြဲတမ်းသီးနေပြီး ခြောက်လတစ်ကြိမ် ခူးဆွတ်နိုင်သည်။ လိမ္မော်သီးခူးရန် စုစုပေါင်း အလုပ်သမား ၈၀ခန့် အသုံးပြုကြောင်း သိရသည်။

“အခုဆိုရင် လိမ္မော်သီးတွေကို ဆယ်ဘီးကားတွေနဲ့ တင်ပို့နေပါတယ်။ ပလတ်စတစ်ခြင်း တစ်ခြင်းဆိုရင် လိမ္မော်သီးအလုံး ၁၆၀ဆံ့ပြီး ကားတစ်စီးမှာ လိမ္မော်သီးအလုံး ၉၂၄၀၀ခန့် တင်ဆောင်နိုင်ပါတယ်။ တစ်နေ့ကို ဆယ်ဘီးကားသုံးစီးခန့် လိမ္မော်သီးထွက်ရှိပြီး ဝယ်လိုအားလည်း ကောင်းပါတယ်”ဟု ဦးကျဟဲက ပြောပြသည်။

ထို့နောက် လိမ္မော်သီးအရွယ်အစား ခွဲခြားသောစက်ကို သွားရောက်လေ့လာခဲ့သည်။ အရွယ်အစားခွဲခြားမှုနှုန်းမှာ ဆယ်ဘီးကား တစ်စီးအတွက် အချိန်တစ်နာရီခန့်သာ ကြာမြင့်ကြောင်း တွေ့ရသည်။ ဆက်လက်ပြီး နို့စားနွားမွေးမြူသောခြံဘက်သို့ထွက်ခဲ့သည်။ နို့ထွက်ကောင်းသော နွားမများစုစုပေါင်း အကောင် ၁၀၀ခန့်မွေးမြူထားသည်ကို တွေ့ရသည်။

“လိမ္မော်သီးတွေကို ခူးပြီး ဈေးကွက်ကို ဖြန့်ဖြူးရောင်းချနေပြီ ဖြစ်ပါတယ်”

ဦးကျဟဲ
ဟာကျားမနိုးကျေးရွာ။

ဝင်ငွေရရှိ

“နို့စားနွားမကောင်ရေ ၁၀၀ကျော်ရှိပါတယ်။ လက်ရှိအချိန်မှာ တစ်နေ့ကို နွားမ ၂၅ကောင်က နွားနို့ကီလို ၁၅၀ထွက်ရှိပါတယ်။ ဒါက နေ့စဉ်ထွက်ရှိတဲ့နွားနို့အထွက်နှုန်းပါပဲ။ ဒါကလည်း နေ့စဉ် ဝင်ငွေရရှိနေပါပြီ၊ နွားခြံက နွားချေးတွေကိုတော့ အုတ်ကန်ထဲစုပြီး မွေစက်နဲ့မွေကာ အဲဒီက တစ်ဆင့် ဇီဝဓာတ်ငွေ့သုံးဓာတ်အား ရရှိအောင် ဆောင်ရွက်ထားပါတယ်”ဟု ၄င်းကဆက်လက်ရှင်းပြသည်။

နွားချေးအသုံးပြု ဇီဝဓာတ်ငွေ့သုံး ဓာတ်အားဖြင့် ကြက်မွေးမြူရေးခြံ၊ နွားမွေးမြူရေးခြံ၊ ကောက်ရိုးစင်းစက်၊ အလုပ်သမားများအတွက် ဓာတ်အားပေးထားနိုင်မှုကိုလည်း တွေ့ရှိခဲ့ရသည်။ နွားမွေးမြူရေးခြံအနီး တီမွေးကန် တစ်ကန်ကိုလည်း ပြုလုပ်ထားသည်။ တီမွေးကန်အနီး ငါးခူများမွေးမြူထားသည့် ကန်ရှိသည်။ ငါးခူများမှာ အရှည်ငါးလက်မခန့် ရှိနေပြီကိုတွေ့ရသည်။

ထွက်ရှိ

“လယ်ဧက ၂၀ကိုလည်း နှမ်း၊ မိုး စိုက်ပျိုးပါတယ်။ စပါးမျိုးက ဧည့်မထ စာရင်းဝင် ဆင်းဧကရီ-၃မျိုးဖြစ်ပြီး တစ်ဧက တင်း၈၀နှုန်းထွက်ရှိတယ်။ စပါးကတော့ ကျွန်တော်အပါအဝင် အလုပ်သမားတွေ စားသုံးတာဟာ တစ်နှစ်ပတ်လုံးအတွက် ဆန်လုံလောက်မှုရှိပါတယ်”ဟု ဦးကျဟဲက စိတ်ရှည်စွာ ရှင်းပြပါသည်။ လယ်မှထွက်သောဆန်ကိုလည်း နမူနာ အဖြစ်ယူပြသည်။ ဖြူဖွေးပြီး ဆန်လုံးသွယ်သော အမျိုးအစားဖြစ်သည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ဦးကျဟဲ၏ ပေါင်းစည်းလယ်ယာလုပ်ငန်းခွင်မှ ပြန်ထွက်ခဲ့သည်။ ပေါင်းစည်းလယ်ယာကို ဧက၃၀၀ဖြင့် စီးပွားဖြစ်လုပ်ကိုင်နေသော ဦးကျဟဲလို လူမျိုးများ နိုင်ငံတစ်ဝန်း ပေါ်ထွက်လာခဲ့လျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုနိုင်မည်မှာ သေချာသည်။

အထောက်အကူပြုနိုင်

ထို့အတူ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဖြင့် လုပ်ကိုင်နေမှုမှာ စိတ်ဝင်စားစရာကောင်းသဖြင့် ကမ္ဘာလှည့်ခရီးသွားများလေ့လာရန် နေရာသစ်များလည်း ပေါ်ထွက်လာနိုင်မည်ဖြစ်ရာ နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို တိုးတက်စေရန် အထောက်အကူပြုနိုင်မည်ဟု ဦးကျဟဲ၏ ပေါင်းစည်းလယ်ယာလုပ်ငန်းခွင်မှ တာချီလိတ်မြို့သို့ အပြန် ခရီးတစ်လျှောက် တွေးတောနေမိပါတော့သည်။ ။ **(မြန်မာ့အလင်း)**

ဦးကျဟဲ၏ နွားမွေးမြူရေးခြံအတွင်း နေ့စဉ် နို့ထုတ်ယူနိုင်နေပြီဖြစ်သော နို့စားနွားမများကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **တရားကျင့်သောသူ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃)
၈:၃၀ Sports World (Air Race)
၈:၅၅ Activities in the City (ILBC သိပ္ပံပြပွဲ)
၉:၁၅ ဓမ္မပူဇာ တေးအလင်္ကာနှင့် မြတ်ဗုဒ္ဓသို့ ဂီတဥ္ဇလီ
၉:၃၅ အားကစားမြင်ကွင်းစုံ
၁၀:၁၅ မြန်မာ့ခြင်းလုံး
၁၀:၃၀ Milestones of Contemporary Music Selection (Part-5)
၁၁:၀၀ Industrial Talk
၁၁:၄၅ ဗီဒီယိုပြခန်း
၁၂:၀၅ ဆီးချို၊ သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း-၁) (ပါမောက္ခဒေါက်တာ-တင့်ဆွေလတ်)
၁၂:၃၀ Activities in the City (Yangon Expo' 2010 Global ပဲဆီသန့်)
၁:၀၀ **တရားကျင့်သောသူ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (အလှအပကြိုက်တာကောင်းတယ်၊ အလှအပမကြိုက်တာကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃)
၄:၁၀ တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံး ဆိုင်ရာ ပန်းချီပြပွဲကြီး
၄:၄၅ **လှေကားသုံးထစ်ဆင်းတဲ့အခါ** မင်းသူ၊ အရိုင်း၊ အေးသီတာ၊ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၅:၀၀ Activities in the City (ILBC သိပ္ပံပြပွဲ)
၅:၃၀ ဓာတ်ပုံထဲမှ အမှတ်တရများ (ဆင်ပေါက်နှင့်တွေ့ဆုံခြင်း)
၆:၀၀ MRTV -4 သတင်း
၆:၂၀ Milestones of Contemporary Music Selection (Part-5)
၆:၅၀ ဗီဒီယိုပြခန်း
၇:၁၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Face)
၇:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အလှအပကြိုက်တာကောင်းတယ်၊ အလှအပမကြိုက်တာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃)
၁၀:၀၀ ဓာတ်ပုံထဲမှ အမှတ်တရများ (ဆင်ပေါက်နှင့်တွေ့ဆုံခြင်း)
၁၀:၂၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Face)
၁၀:၄၀ Industrial Talk
၁၁:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၃၅ Activities in the City (Yangon Expo' 2010 Global ပဲဆီသန့်)
၁၁:၄၅ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၂:၀၀ ဆွာချောင်းရေလှောင်တမံ
၁၂:၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Chelsea-Birmingham	ESPN(Live)
၂:၁၀	Aston Villa -Arsenal	STAR SPORTS (Live)
၂:၁၀	Aston Villa- Arsenal	MRTV-4(Live)

ပခုက္ကူမြို့နယ် မိခင်/ကလေးအသင်း ကလေးပြပွဲ၊ ပြိုင်ပွဲ ကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၂၆

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပခုက္ကူခရိုင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၄ရက် နံနက်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးဝင်း၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုကိုကြီး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်မြင့်တို့က အမှာစကားပြောကြားပြီး ကလေးပြိုင်ပွဲ ဆုရရှိသူများအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်သည်။

(ဝ၇ဝ)

ငြိမ်းချမ်းပါစေ ဆုမွန်ခြွေ

မိပြည့်ချစ်

ကမ္ဘာနှင့်အဝန်း တိုင်းပြည်ဒေသ၊ မြို့ရွာတွေ အတော်များများ၌ ဖြစ်ပွားလျက်ရှိသည့် မငြိမ်းချမ်းမတည်ငြိမ်မှုများကို ရုပ်သံလွှင့်ဌာန အသီးသီးက တင်ပြလျက်ရှိရာ အများစုမှာ သိမြင်ပြီး ထိတ်လန့်ချောက်ချား တုန်လှုပ်မိကြပေမည်။ အီရတ်နိုင်ငံတွင်း အသေခံဗုံးခွဲမှုများ၊ ပါလက်စတိုင်း အစ္စရေးရန်စောင်မှုများ၊ အာဖဂန်နှင့် ပါကစ္စတန်နယ်ခြားဒေသ မငြိမ်းချမ်းမှုများ၊ အာဖရိကနိုင်ငံအချို့ရှိ ပြည်တွင်းဆူပူမှုများ၊ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံရှိ နိုင်ငံရေးဆန္ဒပြမှုများ၊ ဗုံးခွဲမှုများ စိတ်မချမ်းမြေ့ဖွယ် မြင်ကွင်းများကို ကြည့်ရှုခံစားမိကြပေမည်။

ထို့အတူ မိမိတို့ မြန်မာနိုင်ငံ၌လည်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများကြောင့် ဖြစ်ရသောတိုက်ပွဲများ၊ သေဆုံးခဲ့ကြသော တပ်မတော်သားများ၊ သောင်းကျန်းသူ လက်နက်ကိုင်များ၊ အပြစ်မဲ့ပြည်သူလူထု မိဘဆွေမျိုး ညီအစ်ကိုမောင်နှမများ မရေမတွက်နိုင်အောင် ရှိခဲ့ပြီး ဖြစ်ပါသည်။ အလဟဿ အသက်ဆုံးရှုံးရပြီး၊ သောကပွေ ဒုက္ခရောက်ခဲ့ရသော မိသားစုများစွာရှိခဲ့ပြီး ဖြစ်ပါသည်။ မငြိမ်းချမ်းခြင်း၏ အကျိုးဆက်များ ဖြစ်ပါသည်။

တစ်ဦးချင်း၏ ရင်တွင်းမငြိမ်းချမ်းလေသမျှ အာဃာတများ၊ မုန်းတီးမှုများ၊ ရန်လိုမှုများ၊ အငြင်းပွားမှုများ၊ ဒေါသတရားများ၊ မနာလိုမှုများ၊ သည်းမခံမှုများ၊ အကြင်နာမေတ္တာ ကရုဏာကင်းမှုများ၊ ဗြဟ္မစိုရ်တရား မပွားနိုင်မှုများစသည့် အကြောင်းရင်းခံများကြောင့် ဤသို့ ဖြစ်ရခြင်းပင်ဖြစ်ပါသည်။ ဤသို့ ဖြစ်ရခြင်းကို သုံးသပ်လေ့လာပါလျှင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို ပညာ၊ သတိများဖြင့် "မဆုံးမ" နိုင်၍ ဖြစ်ရသည်ဟု မြင်တွေ့နိုင်ပါမည်။

တစ်ဦးချင်းအတွက် မိဘ၊ ပတ်ဝန်းကျင်၊ သင်ဆရာ မြင်ဆရာ ကြားဆရာ၊ မိတ်ကောင်းဆွေကောင်းများ လိုအပ်ပါသည်။ မိဘဆရာသမားတို့အနေဖြင့် မိမိတို့၏ တပည့်သားသမီးများအပေါ် အပြော၊ စရိုက်၊ အမူအကျင့်၊ အတွေးအခေါ်ကအစ ပြုပြင်ပေးကြရပေမည်။ **အမိစရိုက်ကြောင့် နှုတ်ကြမ်းခြင်း၊ အဖစရိုက်ကြောင့် လက်ကြမ်းခြင်း၊ ဆရာများ၏ စရိုက်ကြောင့် အတွေးကြမ်းခြင်းများ အများဆုံးဖြစ်နိုင်သည်ဟု** ယူဆမိပါသည်။

မိမိအမြင်အရ အပြောက ပို၍အရေးကြီးမည်ဟု ယူဆမိပါသည်။ "သုဂတော"ကောင်းသော စကားပြောဆိုတတ်ကြရန် လိုပါသည်။ လက်ကြောင့် ကြေ၊ နှုတ်ကြောင့် သေနိုင်သည်။ "စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်(တည်)" ဆိုသည့်အတိုင်း အကျိုးရှိမည့် စကား၊ အပြစ်ကင်းသော စကားကို ပြောမိပြောကျင့်ရှိစေချင်ပါသည်။ ငယ်စဉ်က မသိနားမလည်ခဲ့သော်လည်း အရွယ်၊ အခြေအနေအချိန်အခါအရ ပြုပြင်ကျင့်သုံးကြရပါမည်။ စရိုက်၊ အကျင့်ဟူသမျှ ပြုပြင်၍ ရနိုင်ပါသည်။ သူတစ်ပါးကို နစ်နာရန်မရည်ရွယ်သော်လည်း တွေးတောဖွယ်ရာ အစွန်းပါသော စကား၊ အဓိပ္ပာယ်တွေးဆနိုင်သော စကားများ ရှောင်ရှားကြခြင်းဖြင့် မိမိအတွက်ရော ပတ်ဝန်းကျင်အတွက်ပါ အဆိပ်ကင်း ချမ်းမြေ့ကြည်သာစေနိုင်ပါသည်။

ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းက လောကတွင် အကျိုးအမြတ်များစွာ ရရှိစေနိုင်ပါသည်။ လင်္ကာများ၊ ဆောင်ပုဒ်များ၊ ဆုံးမစာများ များစွာရှိပြီး ဖြစ်ပါသည်။ မင်္ဂလာတရား "၃၈ဖြာ"ဆိုလျှင် ဘာသာတိုင်း၊ လူမျိုးတိုင်း အချိန်အခါ နေရာမရွေး လိုက်နာနိုင်စေပါသည်။ လူမိုက်နှင့် မပေါင်းသင်းရခြင်းသည်ပင်လျှင် မိမိအတွက်၊ ပတ်ဝန်းကျင်အတွက် အလွန်ငြိမ်းချမ်းစေနိုင်ပါသည်။

ပညာရှိသူနှင့် ပေါင်းသင်းရခြင်းဖြင့် များစွာသော အကျိုးစီးပွားဖြစ်ထွန်းစေနိုင်ပါသည်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေးများအတွက် ရှိသေထိုက်သူ ရှိသေလိုက်ခြင်းဖြင့် ချမ်းသာစေနိုင်ပါသည်။ ရင်တွင်းငြိမ်းချမ်းစေနိုင်ပါသည်။

ပုတ္တောဝါဒ သုတ်ထဲမှ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ အရှင်ဝတ်၊ ကျွန်ဝတ်၊ ရဟန်းဝတ်၊ ဒါယကာဝတ် များစွာအနက် သက်ဆိုင်ရာအပိုင်းလိုက် လိုက်နာကျင့်သုံးကြပါကလည်း လောကီစည်းစိမ်ချမ်းသာသုခများကို ရစေနိုင်ပါသည်။

မြန်မာပြည်တွင် လူဖြစ်ရခြင်းသည်ပင်လျှင် ငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်စေပါသည်။ မြန်မာ့လူနေမှုစနစ်က တစ်ဦးချင်း၏ ရင်ကို အေးစေနိုင်သလို သဘာဝဝန်းကျင်ကိုလည်း ငြိမ်းချမ်းစေနိုင်ပါသည်။ မြန်မာ့မြေပုံကို သေချာကြည့်ပါက ခေါင်းနှင့် ကိုယ်နှင့် ခြေလက်နှင့်ရှိပြီးဖြစ်သလို ပတ်ဝန်းကျင်ကရန်သူနှင့် သဘာဝအန္တရာယ်တို့ကို ကာကွယ်နိုင်ရန် များစွာသော တောင်တန်းများ ဝန်းရံကာဆီးလျက်ရှိပါသည်။ ထိုတောင်တန်းများကို အခြေခံပြီး မြစ်ချောင်းများစွာ စီးဆင်းကာ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ အားထားစရာ ဧရာ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများ စီးဆင်းတည်ရှိနေပါသည်။ ယခုအခါ စွမ်းအားများကိုပါ ထုတ်လုပ်နိုင်ရန် ဆည်ကြီးများ တည်ဆောက်လျက်ရှိပါသည်။ ရာသီသဘာဝ အမျိုးမျိုး၊ ပူ အေးနွေး၊ သမ မိုးနည်း၊ မိုးများ၊ စွတ်စို၊ ခြောက်သွေ့ ရာသီစုံ ခံစားနိုင်ခွင့်ရှိပါသည်။ ရှားရှားပါးပါး ရေခဲတောင်လည်းရှိပါသည်။ ပန်းမျိုးစုံ ဖူးပွင့်ဝေဆာပြီး သီးနှံမျိုးစုံလည်း စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းပြီးဖြစ်ပါသည်။ ကြမ်းတမ်းရိုင်းပြသော သဘာဝဘေးဒဏ် အလွန်နည်းပါးပါသည်။ လူတို့၏ စိတ်စေတနာ၊ စရိုက်များနှင့် သဘာဝသည် ဆက်စပ်သည်ဟု ဆိုကြပါသည်။ ရှည်လျားသော ကမ်းရိုးတန်းကလည်း သဘာဝကပေးသော အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။

ယခုအခါ လူကြီးများသာမက လူငယ်များပါ ဗုဒ္ဓတရားအတိုင်း လေ့လာကျင့်သုံး နေထိုင်ခွင့်ရနေကြပြီဖြစ်ပါသည်။ စေတီပုထိုး၊ ကျောင်းကန်ဇရပ်များ၊ တရားစခန်းများ များစွာရှိနေကြပြီဖြစ်ပါသည်။ မောင်နှမများ၊ သားချင်းများသဖွယ် ဆက်ဆံမှုသည်လည်း မြန်မာပြည်တွင်သာ ရရှိခဲ့ပြီး၊ ရရှိနိုင်ခွင့်ရှိပြီး ဖြစ်ပါသည်။

ဓမ္မကို သိရှိနားလည်လေ့လာလိုက်စား ကျင့်သုံးမှီဝဲခွင့်ရပြီး ဖြစ်သဖြင့် ရင်တွင်းဓမ္မများရှိနေပြီး ဖြစ်ပါသည်။ "ဓမ္မ"ရှိပြီးဖြစ်၍ "အဓမ္မ"များ လျော့နည်းလာကာ ငြိမ်းချမ်းသော မြေ၊ အမိရင်ခွင် ပြည်မြန်မာအတွင်း နေခွင့်ရခြင်းသည် "ကံကောင်းခြင်းတစ်ရပ်" ဖြစ်သည်ကို ငြင်းနိုင်ဖွယ်မရှိနိုင်ပါ။

လူအများစု စုဝေးနေထိုင်ရာ ဒေသတိုင်း၌ လူမှုပြဿနာ၊ စီးပွားရေးပြဿနာ၊ ကျန်းမာရေးပြဿနာ၊ ပြဿနာပေါင်းများစွာ ရှိနေမည်ဖြစ်သော်လည်း ရပ်ရွာဒေသအတွင်း အမှုအခင်းဖြစ်မှုမှာ အခြားဒေသနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မလျော့နည်းလျှင်သော်မှ ဆိုးဆိုးဝါးဝါး ပိုမိုခြင်းတော့ မရှိနိုင်ပါ။ နေထိုင်ဖွယ်မသင့်သော အရပ်ဒေသ မဟုတ်ပါ။

မြန်မာပြည်တွင် လူဖြစ်ရခြင်းသည်ပင်လျှင် ငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်၊ မြန်မာ့လူနေမှုစနစ်က တစ်ဦးချင်း၏ရင်ကို အေးစေနိုင်သလို သဘာဝဝန်းကျင်ကိုလည်း ငြိမ်းချမ်းစေနိုင်၊ မြန်မာ့မြေပုံကို သေချာကြည့်ပါက ခေါင်းနှင့် ကိုယ်နှင့် ခြေလက်နှင့်ရှိပြီးဖြစ်သလို ပတ်ဝန်းကျင်က ရန်သူနှင့် သဘာဝအန္တရာယ်တို့ကို ကာကွယ်နိုင်ရန် များစွာသော တောင်တန်းများ ဝန်းရံကာဆီးလျက်ရှိ၊ ထိုတောင်တန်းများကို အခြေခံပြီး မြစ်ချောင်းများစွာ စီးဆင်းကာ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ အားထားစရာ ဧရာ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများ စီးဆင်းတည်ရှိနေ၊ ယခုအခါ စွမ်းအားများကိုပါ ထုတ်လုပ်နိုင်ရန် ဆည်ကြီးများ တည်ဆောက်လျက်ရှိ၊ ရာသီသဘာဝ အမျိုးမျိုး၊ ပူ အေး နွေး၊ သမ မိုးနည်း၊ မိုးများ၊ စွတ်စို၊ ခြောက်သွေ့ ရာသီစုံ ခံစားနိုင်ခွင့်ရှိ၊ ရှားရှားပါးပါး ရေခဲတောင်လည်းရှိ၊ ပန်းမျိုးစုံ ဖူးပွင့်ဝေဆာပြီး သီးနှံမျိုးစုံလည်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီးဖြစ်၊ ကြမ်းတမ်းရိုင်းပြသော သဘာဝဘေးဒဏ် အလွန်နည်းပါး၊ လူတို့၏ စိတ်စေတနာ၊ စရိုက်များနှင့် သဘာဝသည် ဆက်စပ်သည်ဟုဆို၊ ရှည်လျားသော ကမ်းရိုးတန်းကလည်း သဘာဝကပေးသော အခွင့်အလမ်း တစ်ရပ်ဖြစ်။

ဗုဒ္ဓဘာသာဝင် ဖြ
လောကတွင် အက
များစွာ ရရှိစေနိုင်၊
ဆောင်ပုဒ်များ၊ ဆ
များစွာရှိပြီးဖြစ်၊ မင်္ဂ
"၃၈ ဖြာ" ဆိုလျှင် ဘ
လူမျိုးတိုင်း အချိန်အ
မရွေး လိုက်နာနိုင်၊
မပေါင်းသင်းရခြင်း
လျှင် မိမိအတွက်၊ ပ
အတွက် အလွန်ငြိ
နိုင်။

မင်္ဂလာတရားများ လွှမ်းမိုးရာ၊ ဘာသ
တည်ရာ၊ ယဉ်ကျေးပျူငှာမှုများ ခြုံလွှမ်း
ဆရာသမားများ၏ ဆုံးမလမ်းညွှန်မှုများအော
ဖြစ်သဖြင့် ရင်တွင်းငြိမ်းချမ်းပြီး ပတ်ဝန်းက
သဘာဝတရားကို ခံစားခွင့်ရှိသော "နေ
သန့်သန့်ရှင်းရှင်း ပေါများရာနေရာသည်
တည်းသာ ဖြစ်ပါလိမ့်မည်။

ဘိုးဘွား၏ ချစ်ခြင်း၊ မိဘများ၏
သားချင်း ညီအစ်ကိုအချင်းချင်း စာနာထော
နားလည်ရိုင်းပင်းခြင်းများ ရှိနေပါလျှင် ငြိမ်း
သည်။ "၂၀၁၀" နှစ်သစ်မှ မင်္ဂလာတရားမ
ဗြဟ္မစိုရ်တရားများ၊ လောကပါလတရားမျ
စိတ်ကိုပြင်၊ ရုပ်ကိုပြင် နေထိုင်သွားနိုင်ကြ

- ➢ အကောင်းတွေမြင်ပြီး၊ အမြင်တွေ
- ➢ အကြံတွေကောင်းပြီး၊ အကောင်း
- ➢ အပြောတွေကောင်းပြီး၊ အကောင်း
- ➢ အသိတွေကောင်းပြီး၊ အကောင်း
- ➢ တရားတွေသိပြီး၊ အသိတွေ တရာ
- ➢ တည်ငြိမ်သော သမာဓိတွေ တည်
- ➢ သမာဓိတရားများဖြင့် လောကနိဗ္ဗာ လှမ်းနိုင်ကြပါစေ။
- ➢ နိုင်ငံတကာမှ အဆိုးတွေကို သင်ခ ကို ပြုပြင်တည်ဆောက်နိုင်ပါစေ။
- ➢ အမျိုးဘာသာ သာသနာကို ကာကွ ရှင်သန်နိုင်ပါစေ။
- ➢ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းကာ ပြောဆိုဆက်ဆံနေထိုင်မှု ပြုနိုင်ပါ
- ➢ "ဓမ္မ"များ လွှမ်းမိုးပြီး "အဓမ္မ"မျ နိုင်ပါစေ။
- ➢ "ဒီမိုကရေစီ"ပန်းတိုင်သို့ အသိ၊ ငြိမ်းချမ်းသာယာစွာ စုပေါင်းလျှော နိုင်ပါစေ။ ။

ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းက လောကတွင် အကျိုးအမြတ်များစွာ ရရှိစေနိုင်၊ လက်ာများ၊ ဆောင်ပုဒ်များ၊ ဆုံးမစာများ များစွာရှိပြီးဖြစ်၊ မင်္ဂလာတရား "၃၈ ဖြာ" ဆိုလျှင် ဘာသာတိုင်း၊ လူမျိုးတိုင်း အချိန်အခါ နေရာ မရွေး လိုက်နာနိုင်၊ လူမိုက်နှင့် မပေါင်းသင်းရခြင်း သည်ပင် လျှင် မိမိအတွက်၊ ပတ်ဝန်းကျင်အတွက် အလွန်ငြိမ်းချမ်းစေနိုင်။

မင်္ဂလာတရားများ လွှမ်းမိုးရာ၊ ဘာသာတရားများ ဖြန့်ကြက်တည်ရာ၊ ယဉ်ကျေးပျူငှာမှုများ ခြံလွှမ်းထားရာ၊ ဘိုးဘွားမိဘ ဆရာသမားများ၏ ဆုံးမလမ်းညွှန်မှုများအောက်တွင် ရပ်တည်နေရာ ဖြစ်သဖြင့် ရင်တွင်းငြိမ်းချမ်းပြီး ပတ်ဝန်းကျင်ရေမြေတောတောင် သဘာဝတရားကို ခံစားခွင့်ရှိသော "နေ မြေ ရေ လေ"များ သန့်သန့်ရှင်းရှင်း ပေါများရာနေရာသည် "မြန်မာ"တစ်နိုင်ငံတည်းသာ ဖြစ်ပါလိမ့်မည်။

ဘိုးဘွား၏ ချစ်ခြင်း၊ မိဘများ၏ မြတ်နိုးခြင်း၊ မောင်နှမသားချင်း ညီအစ်ကိုအချင်းချင်း စာနာထောက်ထား ကြင်နာခြင်းများ၊ နားလည်ရိုင်းပင်းခြင်းများ ရှိနေပါလျှင် ငြိမ်းချမ်းသာယာမည် ဖြစ်ပါသည်။ "၂၀၁၀"နှစ်သစ်မှ မင်္ဂလာတရားများ၊ ဓမ္မရောင်ခြည်များ၊ ဗြဟ္မစိုရ်တရားများ၊ လောကပါလတရားများလွှမ်းခြုံပြီး နှစ်ဆုံးတိုင် စိတ်ကိုပြင်၊ ရုပ်ကိုပြင် နေထိုင်သွားနိုင်ကြပါစေ။

- ➢ အကောင်းတွေမြင်ပြီး၊ အမြင်တွေ ကောင်းပါစေ။
- ➢ အကြံတွေကောင်းပြီး၊ အကောင်းတွေကြံကြပါစေ။
- ➢ အပြောတွေကောင်းပြီး၊ အကောင်းတွေပြောကြပါစေ။
- ➢ အသိတွေကောင်းပြီး၊ အကောင်းတွေသိပါစေ။
- ➢ တရားတွေသိပြီး၊ အသိတွေ တရားပါစေ။
- ➢ တည်ငြိမ်သော သမာဓိတွေ တည်ဆောက်နိုင်ပါစေ။
- ➢ သမာဓိတရားများဖြင့် လောကနိဗ္ဗာန်မှသည် တကယ့်နိဗ္ဗာန် လှမ်းနိုင်ကြပါစေ။
- ➢ နိုင်ငံတကာမှ အဆိုးတွေကို သင်ခန်းစာရယူပြီး၊ ကိုယ့်နိုင်ငံကို ပြုပြင်တည်ဆောက်နိုင်ပါစေ။
- ➢ အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ပြီး၊ ခိုင်မာ ရှင်သန်နိုင်ပါစေ။
- ➢ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းကာ မင်္ဂလာတရားနှင့်အညီ ပြောဆိုဆက်ဆံနေထိုင်မှု ပြုနိုင်ပါစေ။
- ➢ "ဓမ္မ"များ လွှမ်းမိုးပြီး "အဓမ္မ"များကို ကာကွယ်တားဆီးနိုင်ပါစေ။
- ➢ "ဒီမိုကရေစီ"ပန်းတိုင်သို့ အသိ၊ သတိ၊ ပညာများဖြင့် ငြိမ်းချမ်းသာယာစွာ စုပေါင်းလျှောက်လှမ်း မျက်မှောက်ပြုနိုင်ပါစေ။ ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် မြိတ်မြို့ ကွန်ပျူတာတက္ကသိုလ် တည်ဆောက်မည့်နေရာ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းတွင် မြိတ်မြို့ စန္ဒဝတ်ရပ်ကွက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကွန်ပျူတာတက္ကသိုလ် တည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မြိတ်မြို့ ရေပုံးရပ်ကွက်၌ ကွန်ပျူတာတက္ကသိုလ်တည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မြိတ်မြို့ ငွေပုလဲရပ်ကွက်၌ ဆောင်ရွက်နေသည့် စစ်မှုထမ်းဟောင်းအိမ်ရာစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက အိမ်ရာများဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က တည်ဆောက်ပြီး အိမ်ရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်

ဇန်နဝါရီ ၂၆ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဗဟိုသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌတို့က မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်း-စာ ၃)

(သတင်းစဉ်)

ဟင်္သာတကမ်းနား တာမြေဖို့ဆောင်ရွက်မည့်အခြေအနေ လယ်ယာ/ဆည်မြောင်းဝန်ကြီးဗိုလ်ချုပ်ထွေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဇန်နဝါရီ ၂၄ရက် နံနက် ၈နာရီခွဲတွင် ဟင်္သာတမြို့ လက်သမားရပ်ကွက် ပြည်လုံးကပ်ကျော် ဦးပါရဲစေတီတော်အနီး၌ ဟင်္သာတကမ်းနားတာကြံ့ခိုင်မှုအတွက် တာမြေဖို့ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဘော်က ဟင်္သာတကမ်းနားတာ ကြံ့ခိုင်ရေးမြေဖို့ ဆောင်ရွက်မည့်အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အရှည်ပေ ၅၀၀ရှိသည့် တာအခြေမြေဖို့လုပ်ငန်း ဆောင်ရွက်မည့်နေရာနှင့် ရေစိမ့်တားပိုက်ဖြင့် အရှည်ပေ ၃၀၀ရှိ ရေတားတာပြုလုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဟင်္သာတကမ်းနားတာ မြေဖို့ပြုပြင်မှုလုပ်ငန်းအတွက် ဟင်္သာတအသင်း (ရန်ကုန်)က အလှူငွေကျပ်သိန်း ၅၀၊ ဦးပါရဲစေတီတော် ဂေါပကအဖွဲ့က အလှူငွေကျပ်သိန်း ၅၀နှင့် စေတနာရှင်အလှူရှင်များက ငွေကျပ် ၁၀သိန်း ထည့်ဝင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးသန်း-ဒေါ်စောရင်(ချန်ပီယံ ပေါ်ဆန်းမွှေး) မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၂၀၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့်အဖွဲ့က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

အမှတ်(၂) စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၆

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် သာဂရစက်မှုနယ်မြေသို့ သွားရောက်၍ မြေထိုး၊ မြေတူးယန္တရားထုတ်လုပ်မှုစက်ရုံမှ အသစ်ထုတ်လုပ်မည့် Excavator R-290 LC -7A တွင် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်သော 6V 128 ZC Diesel Engine စမ်းသပ်တပ်ဆင်နေမှု အခြေအနေနှင့် 14ton Compactor Roller စမ်းသပ်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မကြာမီက ဖွင့်လှစ်ခဲ့သည့် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံနှင့် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ ထုတ်လုပ်မှုစက်ရုံတို့၏ ကုန်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၈-၁-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (စေတနာ)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (တွင်ကယ်လ်)
၁၁း၄၅	သိပ္ပံပညာ သိကောင်းစရာ ယင်ကောင်စက်ရုပ်(အပိုင်း-၁)
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန်/ ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှု အနုပညာ (ယာဂုထမန်း တပို့တွဲ)
၁၂း၃၀	Music Talk (8) တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	အမှတ်တရ တေးလက်ဆောင်
၁၇း၀၀	ဘဝတစ်ကွေ့ အတွေ့အကြုံ (နှလုံးသားအတွက် အကောင်းဆုံးဟင်းတစ်ခွက်)
၁၇း၁၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	သီချင်းပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၂၅	ကျေးလက်ဇာတ်လမ်း (ပန်းကလေးများ)
၁၈း၄၀	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	သုတစုံကြွယ် သိစေဖွယ် ကမ္ဘာ့ထူးခြားမှတ်တမ်းများ (အပိုင်း-၁)
၁၉း၄၀	ရေဒီယိုအတိတ်တေးအရိပ်
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (ခြေလှမ်းညီညီ ပန်းတိုင်ဆီ)
၂၀း၅၀	သူ့လက်သံ-အကယ်ဒမီဂီတလုလင် ဦးကိုကိုရဲ့ အော်ဂင်လက်သံ စီးပွားရေးဦးတည်ချက်
၂၁း၀၀	ဆောင်းပါး (သိကိုသိမှဖြစ်မယ်)
၂၁း၁၅	ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

အရှေ့ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၆

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

__မှတ်သားဖွယ်ရာမိုးရေချိန်များမှာ__ နေပြည်တော်လယ်ဝေးတွင် ၀ဒသမ ၂၄ လက်မ၊ ကသာမြို့နှင့် မြိတ်မြို့တို့တွင် ၀ဒသမ ၃၂လက်မစီ၊ ဟုမ္မလင်းမြို့တွင် ၀ဒသမ ၂၀လက်မ၊ ပင်လောင်းမြို့တွင် ၀ဒသမ ၁၆လက်မ၊ နေပြည်တော်သပြေကုန်း၊ ဖန်းမော်မြို့၊ နမ့်စန်မြို့နှင့် သထုံမြို့တို့တွင် ၀ဒသမ ၁၂လက်မစီတို့ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

__ဇန်နဝါရီ ၂၇ရက် ယနေ့ညနေအထိ ခန့်မှန်းချက်မှာ__ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စာအုပ် စာပေ လူ့မိတ်ဆွေ

*** ကျော်ဖုံးမှ**

စက္ကန့်ပိုင်းအတွင်း ချုန်ထားရစ်ခဲ့သည်။ သတင်းခရီးသည်တို့၏ ဦးတည်ရာ အရပ်ကား ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာရှိ ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းပင်ဖြစ်လေသည်။

တည်ဆောက်ထား

"ဒွန်ဘန်ကျေးရွာမှ ကြိုဆိုပါ၏" ဆိုင်းဘုတ်ကို မြင်ရသောအခါ နံနက် ၁၁

ဒွန်ဘန်ကျေးရွာဥက္ကဋ္ဌ ဦးဂမ်ရိန်က သင်တန်းကျောင်းဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ကြောင်း ဤသို့ ပြောကြားခဲ့သည်။ (သတင်းစဉ်)

နာရီခွဲခါစပင် ရှိသေးသည်။ တောင်တန်းကြီးကို နောက်ခံပြု၍ တည်ဆောက်ထားသော ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းဝင်းအတွင်းသို့ ရောက်ရှိချိန်တွင် နေရောင်ခြည် အလင်းတန်းများက မြက်ခင်းစိမ်းအပေါ် စူးရဲစွာ ကျရောက်နေလေသည်။

သင်တန်းကျောင်း ခေတ္တကျောင်းအုပ် ဒေါ်ခင်စန်းဝင်းနှင့် သင်တန်းနည်းပြ ဆရာမများ၏ အပြုံးပန်းကိုယ်စီဖြင့် ကြိုဆိုနှုတ်ဆက်မှုကြောင့် သတင်းခရီး

လီဆူးတိုင်းရင်းသူ မရော် အားချာက သင်တန်းတက်ရောက်ရသည့် အတွေ့အကြုံများကို ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

သည်တို့ စိတ်ရွှင်လန်းကာ အမောပြေကြရလေသည်။ သင်တန်းခန်းမအတွင်း တိုင်းရင်းသူလေးများ၏ အဆင့်မြင့် စက်ချုပ်၊ သိုးမွေးစက်ဆွဲနှင့် အခြေခံ အိမ်တွင်းမှုဘာသာရပ်များ လက်တွေ့လုပ်ကိုင်နေမှုနှင့် သင်တန်းနည်းပြ ဆရာမများက စိတ်ရှည်စွာ သင်ကြားပြသနေမှုကို လေ့လာကြရသည်။

ကြည်နူးအားတက်

ရိုးသားပွင့်လင်း၍ ခင်မင်နှစ်လိုဖွယ်ရာကောင်းလှသော သင်တန်းသူလေးများ၏ လက်တွေ့လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ကာ ကြည်နူးအားတက်ရသည်။ အသက် ၂၁နှစ်အရွယ် ဂျိန်းဖောတိုင်းရင်းသူ မဒွံလိန်သည် တနိုင်းမြို့နယ် နမ်ဖြူရပ်ကွက်မှဖြစ်ပြီး အခြေခံ အိမ်တွင်းမှု ဘာသာရပ်ကို တက်ရောက်သင်ကြားနေသူ ဖြစ်သည်။ မဒွံလိန်က "ဒီမှာ သင်တန်းတက်ရတာ ပျော်စရာကောင်းတယ်၊ ဆရာမတွေကလည်း ဂရုစိုက် သင်ပေးတယ်၊ အခုဆိုရင် ကလေးသွားရေခံ၊ ကလေးဘောင်းဘီနဲ့ အမျိုးသမီးဝတ် ဘောင်းဘီတွေ ချုပ်တတ်နေပြီ"ဟု ပြောကြားသည်။

အသက် ၂၃နှစ်အရွယ် လီဆူးတိုင်းရင်းသူ မရော်အားချာသည် တနိုင်းမြို့နယ် လမုန်ကျေးရွာမှဖြစ်ပြီး အခြေခံ အိမ်တွင်းမှု ဘာသာရပ်ပြီးဆုံး၍ အဆင့်မြင့် စက်ချုပ်ဘာသာရပ်ကို တက်ရောက်သင်ကြားနေသည်။ မရော်အားချာက "အခုဆိုရင် ကလေးအင်္ကျီနဲ့ အမျိုးသမီးဝတ်တွေ ချုပ်တတ်ပြီ၊ အဆင့်မြင့် စက်ချုပ်သင်တန်းပြီးဆုံးရင် ရွာမှာ စက်ချုပ်ဆိုင်ဖွင့်ပြီး မိဘတွေကို လုပ်ကျွေးမယ်၊ ပျော်စရာလည်းကောင်း၊ အကျိုးလဲရှိလို့ ရွာပြန်ရောက်ရင် သူငယ်ချင်းတွေကို ဒီသင်တန်းတက်ဖို့ တိုက်တွန်းမယ်"ဟု ပြောကြားသည်။

ကျေနပ်စရာ

မိုးကောင်းမြို့နယ် နန်းခွင်ကျေးရွာမှ မနန်းခမ်းဖုန်းသည် အသက် ၁၇နှစ်သာ ရှိသေးပြီး အခြေခံ အိမ်တွင်းမှုဘာသာရပ်ကို တက်ရောက်နေသူဖြစ်သည်။ ရှမ်းတိုင်းရင်းသူ မနန်းခမ်းဖုန်းကလည်း "ဒီသင်တန်းကို နိုင်ငံတော်က ဖွင့်ပေးလို့ တက်ရတာ ကျေးဇူးလည်းတင်တယ်၊ ဝမ်းလည်းသာတယ်။ ဆရာမတွေကလည်း စေတနာအလွန်ကောင်းပြီး ကြိုးစား သင်ပေးကြတယ်။ အမျိုးသမီးဝတ် ဘလောက်အင်္ကျီတွေ ချုပ်တတ်နေပြီ၊ ကိုယ့်အင်္ကျီကို ကိုယ်တိုင်ချုပ်ဝတ်ရတာ သိပ်ကို ကျေနပ်စရာကောင်းတယ်"ဟု ပြောကြားသည်။

ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ ခေတ္တကျောင်းအုပ် ဒေါ်ခင်စန်းဝင်းကလည်း "ဒီမှာလာတက်ကြတဲ့ မိန်းကလေးတွေအားလုံး သင်တန်းကို စိတ်ပါဝင်စားမှု အပြည့်ရှိကြတယ်။ သူတို့ဝါသနာအရ လာတက်တာရှိသလို လာတက်ကြည့်ပြီးမှ ဝါသနာပါသွားသူတွေလည်း ရှိတယ်။ အားလုံး မြန်မာစကားတတ်ကြတော့ ဘာသာစကား အခက်အခဲလည်းမရှိဘူး။ ဒီသင်တန်းက ဒေသခံတိုင်းရင်းသူတွေအတွက် အများကြီး အကျိုးရှိပါတယ်။ ဒီသင်တန်းကဆင်းပြီး လက်တွေ့နယ်ပယ်မှာ လုပ်ကိုင်အောင်မြင်တဲ့သူ စုစုပေါင်း ၂၈ဦးတောင် ရှိကြတယ်။ သင်တန်းပြီးဆုံးလို့ လက်တွေ့ လုပ်ကိုင်နေသူတွေကိုလည်း ကျောင်းအုပ်နဲ့ နည်းပြတာဝန်ခံ ဆရာမတွေက တစ်လကို နှစ်ကြိမ် သွားရောက်ကြည့်ရှုပြီး လိုအပ်တာတွေကို သင်ပြပေးပါတယ်။ ကျောင်းဆင်းပြီး သင်တန်းသူတွေကို အပ်ချုပ်စက် အရစ်ကျ ငွေချေစနစ်နဲ့ ရောင်းပေးပါတယ်" ဟု ပြောကြားသည်။

စိုက်ထား

သင်တန်းနည်းပြ ဒေါ်ဝေဝေအောင်ကလည်း "လက်တွေ့လုပ်ပြီး သင်ရတာဆိုတော့ သင်တန်းသူတွေ စိတ်ဝင်စားမှုရှိကြတယ်။ သင်တန်းချိန်ပြီးရင် ကျန်းမာရေးအရ ကိုယ်လက်လှုပ်ရှားပြီးသားဖြစ်သလို ဟင်းသီးဟင်းရွက်တွေ လတ်လတ်ဆတ်ဆတ် စားရအောင် စိုက်ပျိုးရေးလုပ်ကြတယ်။ ဒီမှာမြင်တွေ့ရတဲ့ ခရမ်းချဉ်၊ မုန်လာ၊ ဆလတ်နဲ့ ဘူးသီးတွေကို သင်တန်းသူတွေနဲ့ သင်တန်းနည်းပြတွေ စုပေါင်းပြီး စိုက်ထားကြတာပါ။ ကျေးရွာဥက္ကဋ္ဌနဲ့ ဒေသခံရွာသူရွာသားတွေကလည်း ထင်းနဲ့ အသား၊ ငါးတို့ကို ပံ့ပိုးပေးကြလို့ အဆင်ပြေပါတယ်"ဟု ပြောကြားသည်။

နိုင်ငံတော်အစိုးရသည် မဖွံ့ဖြိုးမတိုးတက်သေးသော နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူတို့၏ လူနေမှုဘဝ မြင့်မားတိုးတက်ပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နယ်စပ်ဒေသ၌ နေထိုင်ကြသော တိုင်းရင်းသူများ မိမိကိုယ်ကိုအားကိုးပြီး မိမိတတ်ကျွမ်းသော အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် မိမိဒေသတွင်ပင် ပြန်လည်အသက်မွေးဝမ်းကျောင်း ပြုနိုင်ရေးအတွက် အပ်ချုပ်ပညာ၊ လက်မှုပညာနှင့် အစားအစာချက်ပြုတ်နည်း ပညာရပ်များ သင်ကြားနိုင်ရန် အိမ်တွင်းမှုသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

စတင်ဖွင့်လှစ်

ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာရှိ ဒွန်ဘန်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်း၌ အခြေခံ အိမ်တွင်းမှု၊ အဆင့်မြင့်စက်ချုပ်နှင့် သိုးမွေးစက်ဆွဲဘာသာရပ်များကို သင်ကြားပေးပြီး သင်တန်းကာလမှာ ဘာသာရပ်တိုင်းအတွက် ရက်သတ္တ ၁၄ပတ်စီ ကြာမြင့်သည်။

ဖွင့်လှစ်ဆဲသင်တန်းတွင် အခြေခံ အိမ်တွင်းမှုဘာသာရပ်၌ ၁၅ဦး၊ အဆင့်မြင့် စက်ချုပ်ဘာသာရပ်၌ ခုနစ်ဦးနှင့် သိုးမွေး စက်ဆွဲဘာသာရပ်၌ ငါးဦး စုစုပေါင်း ၂၇ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်နှင့်

ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ခေတ္တကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

သင်တန်းနည်းပြဆရာမ စုစုပေါင်း ခုနစ်ဦးတို့က သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းသူများအားလုံး ကျောင်းအိပ်၊ ကျောင်းစား နေထိုင်ကြရပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး

ဒွန်ဘန်ကျေးရွာ၌ စက်ချုပ်ဆိုင်ဖွင့်၍ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ကိုင်လျက်ရှိသော မဒွဲနန်အား ခေတ္တကျောင်းအုပ် ဒေါ်ခင်စန်းဝင်း၊ သင်တန်းနည်းပြ ဒေါ်ဝေဝေအောင်တို့နှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက နေထိုင်စားသောက်မှုများကို တာဝန်ယူပြီး ဒေသခံ ကျေးရွာတာဝန်ရှိသူများကလည်း ထင်းနှင့် အသား၊ ငါးတို့ကို ထောက်ပံ့ကြသည်။

သင်ကြားပေး

အခြေခံသင်တန်းတွင် စက်အကြောင်း သိကောင်းစရာများ၊ အခြေခံစက်ချုပ်ရိုး၊

ဖားကန့်မြို့နယ် ဒွန်ဘန်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

လက်ချုပ်ရိုး၊ ကလေးသွားရည်ခံ၊ ကလေးအင်္ကျီ၊ ကလေးဘောင်းဘီ၊ မိန်းမဝတ်ရင်စေ့အမျိုးမျိုး၊ လည်ကတုံးလက်တို၊ ယောကျ်ားဝတ်ရှပ်လက်တို၊ မိန်းမဝတ် ဘလောက်(စ်)အမျိုးမျိုး၊ ခေတ်ပေါ်ပုံဆန်းများ၊ ဟာဝေယံရှပ်၊ တစ်ချောင်းထိုးဖြင့် ဗန်းခင်းအမျိုးမျိုး၊ ခေါင်းအုံးစွပ် ပန်းထိုးခြင်းနှင့် အခြားလက်မှုပစ္စည်းများ ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသည်။ အခြေခံသင်တန်း၏ အချက်အပြုတ်ဘာသာရပ်တွင် ဆနွင်းမကင်းမျိုးမျိုး၊ ကြက်သားဆီပြန်၊ သီးစုံထောပတ်ထမင်း၊ ဝက်သားနီချက်၊ အမဲနှပ်ဟင်း၊ မန်ကျည်းသီးနှပ်၊ သရက်သီးသနပ်နှင့် မြန်မာအစားအစာအမျိုးမျိုးချက်ပြုတ်နည်းများကို သင်ကြားပေးသည်။

သိုးမွေးစက်ဆွဲသင်တန်းတွင် ကလေးအင်္ကျီအမျိုးမျိုး၊ အပေါ်ဖုံး၊ ရှေ့ကွဲ အနွေးထည်၊ ဝေ့စ်ကုတ်အမျိုးမျိုး၊ ဆွယ်တာအမျိုးမျိုးနှင့် စကတ်အမျိုးမျိုး ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသည်။ အဆင့်မြင့် စက်ချုပ်သင်တန်းတွင် ယူနီဖောင်းအင်္ကျီ၊ ယူနီဖောင်းဘောင်းဘီ၊ စတိုင်လ်ဘောင်းဘီ၊ တစ်ထပ်ကုတ်၊ နှစ်ထပ်ကုတ်၊ မြန်မာတိုက်ပုံ၊ ရှမ်းတိုက်ပုံ၊ ဆာဖာရီကုတ်၊ မိုးကာဂျာကင်၊ မိန်းမဝတ် ခေတ်ပေါ်ပုံဆန်းနှင့် စကတ်အမျိုးမျိုး ချုပ်နည်းတို့ကို သင်ကြားပေးသည်။

ဒွန်ဘန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဂမ်ရိန်ကလည်း "သင်တန်းကျောင်းကို ဒီနေရာမှာ သင့်လျော်လို့ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့တာ ကျွန်တော်တို့ကျေးရွာအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပါပဲ၊ သင်တန်းကျောင်းကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့အတွက် ဒေသခံ ကျေးရွာသူ၊ ကျေးရွာသားတွေနဲ့ပူးပေါင်းပြီး ထင်းနဲ့ အသား၊ ငါးတွေကို ပံ့ပိုးကူညီပေးပါတယ်။ ဒါ့အပြင် ကျောင်းရေ ရရှိရေးအတွက်လည်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနဲ့ ကျေးရွာပြည်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်ပေးထားပါတယ်။ ဒေသခံတိုင်းရင်းသူတွေအနေနဲ့ စရိတ်စက မကုန်ကျဘဲ မိမိဒေသမှာ လက်မှုပညာကို သင်ကြားခွင့်ရတဲ့အတွက် အများကြီး အကျိုးရှိပါတယ်။ သင်တန်းဆင်းပြီးတဲ့နောက်မှာလည်း လက်မှုပညာနဲ့ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ကိုင်နိုင်ကြပြီ ဖြစ်ပါတယ်။ ဒီလိုသင်တန်းကျောင်း ဖွင့်လှစ်ပေးတဲ့အတွက် နိုင်ငံတော်နဲ့ တာဝန်ရှိသူအဆင့်ဆင့်ကို ဒေသခံပြည်သူတွေကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

တွေ့ဆုံဖြစ်

သင်တန်းဆင်းပြီးနောက် ဒွန်ဘန်ကျေးရွာ၌ စက်ချုပ်ဆိုင်ဖွင့်၍ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ကိုင်လျက်ရှိသော မဒွဲနန်နှင့် ဒွန်ဘန်ကျေးရွာသို့ ရောက်ရှိစဉ် တွေ့ဆုံဖြစ်ခဲ့ပါတယ်။ အသက် ၂၆နှစ်အရွယ်ရှိ မဒွဲနန်သည် ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်း၏ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဖွင့်လှစ်ခဲ့သော သင်တန်းအမှတ်စဉ် (၁)၌ တက်ရောက်ခဲ့သူဖြစ်သည်။

မဒွဲနန်ကလည်း "အရင်တုန်းက ဒီသင်တန်းမတက်ခင်မှာ နယ်စပ်မှာ ရရာအလုပ် လုပ်ခဲ့ရတယ်။ အိမ်တွင်းမှု သင်တန်းကို အခမဲ့တက်ရတော့ ငွေလည်း မကုန် မိဘကိုလည်း ပြန်ပြီးထောက်ပံ့နိုင်တယ်။ မိုးကောင်းကနေ ဒွန်ဘန်မှာ ဒီသင်တန်းကျောင်းလာတက်ရင်း အမေတို့ကလည်း ဒီရွာမှာ ဈေးရောင်းနေတာဆိုတော့ အခုလို စက်ချုပ်ဆိုင်ဖွင့်ဖြစ်သွားတာပါ။ သင်တန်းဆရာမတွေကလည်း တစ်နှစ်တစ်ကြိမ်၊ နှစ်ကြိမ်လောက် လာကြည့်ပြီး လိုအပ်တာတွေ သင်ပြပေးပါတယ်။ ဆိုင်က ကျောင်းနဲ့လည်းနီးတော့ သိချင်တာရှိရင် ချက်ချင်းသွားမေးလို့ရတယ်။ အခုဆိုရင် စက်ချုပ်တာ တစ်လကို ခုနစ်သောင်း၊ ရှစ်သောင်းလောက် ဝင်ငွေရှိတယ်။ ဒေသခံ မိန်းကလေးတွေအနေနဲ့ အလုပ်အကိုင်မရှိသေးဘူးဆိုရင် ဒီသင်တန်းကို တက်သင့်တယ်။ ဒီလုပ်ငန်းက အိုးမကွာ၊ အိမ်မကွာလုပ်နိုင်ပြီး ဝင်ငွေလည်း အသင့်အတင့်ကောင်းတယ်။ သင်တန်းဖွင့်လှစ်ပေးတဲ့ နိုင်ငံတော်ကို ကျေးဇူးအများကြီး တင်ပါတယ်"ဟု ပြောကြားသည်။

မျက်ဝါးထင်ထင်

ယခုအခါ ဒွန်ဘန် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း တက်ရောက်ပြီးသူ စုစုပေါင်း ၄၇၆ဦး ရှိပြီဖြစ်သည်။ ဒွန်ဘန်ကျောင်းမှ ဆင်းပြီးသူများ အနက် ၂၈ဦးသည် ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဆိုင်ခန်းဖွင့်လှစ်၍ ကိုယ်ပိုင်လုပ်ငန်းဖြင့် ရပ်တည်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ သင်တန်းနည်းပြများနှင့် ဝန်ထမ်းများသည် အမျိုးသမီးငယ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းဖြင့် စားဝတ်နေရေးနှင့် အကျင့်စာရိတ္တ ဘက်စုံကောင်းမွန်သော အမျိုးသမီးများ စဉ်ဆက်မပြတ် မွေးထုတ်သွားနိုင်ရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပေသည်။

ဆွဲဆောင်လျက်ရှိ

ဒွန်ဘန်ကျေးရွာလေးမှ သတင်းခရီးသည်တို့ ပြန်လည်ထွက်ခွာတော့မည့်အချိန်တွင် နေညို၍နေလေပြီ။ ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအတွင်း စိုက်ပျိုးထားသည့် နှစ်ရှည်ပင်များ၊ ရာသီ သီးနှံပင်များနှင့် ပန်းအလှပင်များသည် ပတ်ဝန်းကျင် သဘာဝအလှအပများနှင့် လိုက်ဖက်ညီ ပနံရလျက်ရှိရာ မပြန်ချင်အောင် ဆွဲဆောင်လျက်ရှိသည်။ ခေတ္တကျောင်းအုပ်၊ သင်တန်းနည်းပြများနှင့် သင်တန်းသူလေးများ၏ ချိုမြ ရွှင်ကြည်သောအပြုံးဖြင့် လက်ပြနှုတ်ဆက်နေမှုကို ပြန်လည်နှုတ်ဆက်ရင်း မိုးကောင်းမြို့ကလေးဆီသို့ မချင့်မရဲဖြင့် ခရီးဆက်ခဲ့ရပါတော့သည်။ ။

(သတင်းစဉ်)

သင်တန်းကျောင်းအတွင်း ဘူးပင်စိုက်ပျိုးထားမှုကို သင်တန်းနည်းပြဆရာမ ဒေါ်ဝေဝေအောင်က ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ငါးသားဖောက်မွေးမြူမှုကြည့်ရှု

အလှမွေးငါးများ နိုင်ငံခြားဈေးကွက် ထိုးဖောက်နိုင်ရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ရေထွက်ပစ္စည်း တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ရက်တွင် တနင်္သာရီတိုင်း ကော့သောင်းမြို့ရှိ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ကမ်းနီးကမ်းဝေး ရေလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၂၅ရက်တွင် ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ယုဇနဆီအုန်း စိုက်ပျိုးဧရိယာအတွင်း၌ ရွှေပြည်စိုး ကုမ္ပဏီကဆောင်ရွက်လျက်ရှိသည့် မြန်မာ့အလှမွေးငါးသားဖောက် မွေးမြူခြင်းနှင့် မြေသားကန်များဖြင့် ပြုစုမွေးမြူထားခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** ပြည်တွင်းရှိ အလှမွေးငါးများ နိုင်ငံခြားဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရေးကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ယုဇနဆီအုန်း စိုက်ပျိုးရေးခြံအတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပုဇွန်မွေးမြူရေး လုပ်ငန်းမှ ပုဇွန်မွေးမြူ၍ ပုဇွန်ရည်နှင့်ပုဇွန်ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့် ပုဇွန်မွေးမြူရေးယူနစ်များ တိုးချဲ့ဆောင်ရွက်နေမှု အခြေအနေ၊ ကော့သောင်းမြို့ ၇မိုင် သောင်ဖြူကျေးရွာရှိ တိုးတက်အောင် ရေငန်ပုစွန် မွေးမြူရေး သမဝါယမအသင်းလီမိတက်၌ ရေငန်ပုစွန်အသားတိုး မွေးမြူရေးကန်များနှင့် အဏ္ဏဝါရပ်ကွက်ရှိ ရွှေဝက်ဝံကုမ္ပဏီလီမိတက်၏ ငါးတင်၊ ငါးချဆိပ်ခံတံတားမှ ငါးဖမ်းစက်လှေများ ဝင်ထွက်ဆိုက်ကပ်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချစ်ကြည်ရေးခြေစမ်းပွဲ အူလ်ဆန်အသင်းအနိုင်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၂၆

AFC Challenge Cup ဘောလုံးပြိုင်ပွဲဝင်မယ့် ပဏာမ မြန်မာ့လက်ရွေးစင်အသင်းနဲ့ တောင်ကိုရီးယားနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် အသင်းတို့ရဲ့ ချစ်ကြည်ရေးခြေစမ်းပွဲ ပထမပွဲစဉ်ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပခဲ့ရာ အူလ်ဆန်တက္ကသိုလ်အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

အူလ်ဆန်တက္ကသိုလ် -သုံးဂိုး
ပဏာမမြန်မာ့လက်ရွေးစင် -တစ်ဂိုး

မြန်မာနိုင်ငံမှာ လာရောက်ခြေစမ်းကစားလေ့ရှိတဲ့ တောင်ကိုရီးယားနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းကတော့ အခု ချစ်ကြည်ရေးခြေစမ်းခရီးစဉ်မှာ အနိုင်ရလဒ်နဲ့ စတင်နိုင်ခဲ့ပါတယ်။ အူလ်ဆန်တက္ကသိုလ်အသင်းရဲ့ ကစားပုံဟာ သာမန်ထက်မပိုခဲ့ပေမယ့် ဘောလုံးပညာ ကျွမ်းကျင်မှု တိုက်စစ်တွဲလုံးတွေထိရောက်ခဲ့မှု ဂိုးသွင်းသေချာမှုတွေကြောင့် အနိုင်ရခဲ့တာ ဖြစ်ပါတယ်။

မကျော်နိုင်

မြန်မာအသင်းတွင် ကွင်းလယ်ခံစစ်မှာ ခင်မောင်လွင်နဲ့ ရန်အောင်ကျော်တို့ အလုပ်မဖြစ်ခဲ့သလို တောင်ပံနှစ်ဖက်က ရန်အောင်ဝင်းနဲ့ ရွှေလှိုင်ဝင်းတို့ကလည်း တိုက်စစ်ကို ထင်သလောက် မပံ့ပိုးနိုင်ခဲ့ပါဘူး။ စိုးမင်းဦး၊ ကျော်ဘိုဘို၊ မျိုးမင်းထွန်းနဲ့ ထွန်းထွန်းဝင်းတို့ရဲ့ တိုက်စစ်တွဲလုံးတွေကလည်း မထိရောက်ခဲ့လို့ အူလ်ဆန်တက္ကသိုလ် နောက်တန်းကို မကျော်နိုင်ခဲ့ပါဘူး။ ပဏာမမြန်မာ့လက်ရွေးစင် အသင်းဟာဒုတိယပိုင်းမှာ လူအပြောင်းအလဲတွေလုပ်ပြီး ကစားအားတင်ပေမယ့် မထိရောက်ခဲ့ပါဘူး။ အူလ်ဆန်တက္ကသိုလ် နောက်တန်းကို မကျော်နိုင်ခဲ့လို့ ထိရောက်တဲ့ ဂိုးသွင်းခွင့်တွေ အသင်းမရခဲ့ပါဘူး။ အဲဒါကြောင့်လည်း ၄၂မိနစ်မှာ တိုက်စစ်မှူး စိုးမင်းဦးသွင်းယူတဲ့ ဂိုးတစ်ဂိုးပဲရခဲ့တာပါ။

ဆက်လက်ကျင်းပ

အူလ်ဆန်တက္ကသိုလ်အသင်းကတော့ အတက်အဆင်းမှန်မှန် ကစားနိုင်တာကြောင့်တိုက်စစ်ရော ခံစစ်မှာပါ ထိရောက်ခဲ့ပါတယ်။ အူလ်ဆန်တက္ကသိုလ်အတွက် အနိုင်ဂိုးတွေကိုတော့ ခြောက်မိနစ်မှာ ပယ်နယ်တီကနေ ကင်ဂျောင်ကွတ်၊ ၅၅မိနစ်မှာ ချာဘေးယောင်၊ ၆၇မိနစ်မှာ ကွမ်ဂျောင်ဆိုးလ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြပါတယ်။ ချစ်ကြည်ရေး ဒုတိယခြေစမ်းပွဲကို ဇန်နဝါရီ ၂၈ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာပါ။

ပါဝင်ကစား

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းမှာ **ဂိုး**-သီဟစည်သူ၊ **နောက်တန်း**-ရွှေလှိုင်ဝင်း၊ ဇော်လင်းထွန်း-၂၊ မိုးဝင်း(ကျော်ခိုင်ဝင်း)၊ ရန်အောင်ဝင်း၊ **အလယ်တန်း**-မျိုးမင်းထွန်း၊ ခင်မောင်လွင်(အောင်ကျော်မိုး)၊ ရန်အောင်ကျော်(ပြည့်ဖြိုးဦး)၊ ထွန်းထွန်းဝင်း၊ **ရှေ့တန်း**-စိုးမင်းဦး (ကျော်သီဟ)နဲ့ ကျော်ဘိုဘို(ပိုင်စိုး)တို့ ပါဝင်ကစား သွားခဲ့ကြပါတယ်။ ။ **(မြန်မာ့အလင်း)**

ထိုးဖောက်

ပဏာမမြန်မာ့လက်ရွေးစင်အသင်းမှ ရွှေလှိုင်ဝင်း အူလ်ဆန်တက္ကသိုလ်ဘက်သို့ ထိုးဖောက်ကစားနေစဉ်။ (မြန်မာ့အလင်း)

“ ဒီပွဲဈေးကို ဇန်နဝါရီ ၃၀ရက်အထိ ကျင်းပမှာပါ ”
ဦးမြင့်ဝင်း
ပြန်ကြားရေးကော်မတီ ဥက္ကဋ္ဌ။

● *ကျော်ဖုံး*

စတင်ကပြ

ဤကဲ့သို့စည်ကားနေသော ပွဲဈေးဖြစ်မြောက်ရန် ဆိုင်ရာဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေသော ကော်မတီအဖွဲ့များမှ ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းအား တွေ့ဆုံမေးမြန်းခဲ့ရာ-

“ကျွန်တော်တို့ ဒီပွဲဈေးကို ဇန်နဝါရီ ၂၂ရက်မှ ၃၀ရက်အထိ ကျင်းပမှာပါ။ မြန်မာ့ရိုးရာဇာတ်ပွဲတွေက ဇန်နဝါရီ ၂၅ရက်က စတင်ကပြပါတယ်။ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)ရဲ့စီစဉ်ပေးမှုနဲ့ မိုးမင်းဇာတ်သဘင်အဖွဲ့၊ ဟန်ဇာမိုးဝင်း၊ တင်ဇာမိုးဝင်း ဇာတ်သဘင်၊ ဖိုးချစ်နိုင်ဇာတ်သဘင်၊ သွေးသစ်ဇာတ်သဘင် ဇာတ်အဖွဲ့လေးဖွဲ့ ဝင်ရောက်ကပြပါတယ်။

အမြင့်သဘင်

အမြင့်သဘင်ခေါ် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ရုပ်သေးကြိုးဆွဲကို မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)က ဦးရဲဒွေး ဦးစီးပြီး ပွဲလာပရိသတ်များကို အခမဲ့ဖျော်ဖြေ တင်ဆက်ပေးပါတယ်။ ခြင်းလုံးအလှခတ်ပွဲကိုလည်း ဇန်နဝါရီ ၂၃ရက်ကစပြီး ကျင်းပနေပါတယ်။

သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွနဲ့ ရန်ကုန်ဘက်ခြမ်းမှ ပွဲဈေးလာပရိသတ်များအတွက် ကုန်ပစ္စည်းတွေကို အထည်တန်း၊ သနပ်ခါးတန်း၊ လူသုံးကုန်တန်းဆိုပြီး သူ့ဈေးတန်းနဲ့သူ ရောင်းချပေးပါတယ်။ စက်မှု(၁)ဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများကိုလည်း အရောင်းဆိုင်ဖွင့်၍ ဈေးချိုသာစွာ ရောင်းချပေးပါတယ်။

ပြန်ကြားရေးကော်မတီအနေနဲ့ ပွဲဈေးအတွင်းလိုက်နာရမယ့် စည်းကမ်းတွေကို မပြတ်ကြေညာပေးပြီး ပွဲလာပရိသတ်များထဲမှ အဖော်ကွဲကလေးများကို ကူညီရှာဖွေဆောင်ရွက်ပေးပါတယ်”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မိုးမင်းဇာတ်

ဇာတ်အဖွဲ့များထဲမှ ခေတ်လူငယ်အကြိုက် ဇာတ်အဖွဲ့တစ်ဖွဲ့ဖြစ်သော မိုးမင်းဇာတ်အဖွဲ့သို့ ပွဲမကမီ သွားရောက်၍ မိုးမင်းနှင့်တွေ့ဆုံခဲ့ရာ “ကျွန်တော့် အမည်ရင်းက စိန်ထွန်းပါ။ ၁၉၈၂ခုနှစ်ကစပြီး ကျွန်တော် ရှစ်တန်းကျောင်းသားကတည်းက ကျွန်တော့် အစ်ကို မိုးဝင်းနဲ့တွဲ၍ မဟာရန်ကုန် စံပြသဘင်ဆိုပြီး စတင်ကပြခဲ့ပါတယ်။ ၁၉၉၁ခုနှစ်မှာ မိုးမင်းဇာတ်သဘင် ဆိုပြီး ခွဲ၍ ကပြခဲ့ပါတယ်။

မြိုင်မြိုင်ဆိုင်ဆိုင်

ဇာတ်အစဉ်အလာအတိုင်း ဘုရားကန်တော့ခန်း၊ အပျိုတော်ခန်း၊ မြန်မာသံတေး၊ အော်ပရာ၊ ခေတ်ပေါ်ဂီတ၊ ဟာသဇာတ်လမ်းတို၊ ပြဇာတ်၊ နှစ်ပါးသွားအကများနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေကပြပေးပါမယ်။ ယခုပွဲမှာ ထူးခြားမှုအနေနဲ့ ရုပ်သေးကြိုးဆွဲခန်းလည်း ပြသပါမယ်။

ဇာတ်သဘင်

မြန်မာ့ဇာတ်သဘင်ကို နိုင်ငံတကာ အဆင့်အတန်းမီအောင် ခေတ်မီဆက်တင်၊ အသံစနစ်၊ မီးသုံးစွဲမှုကအစ အဆင့်အတန်း မြင့်မြင့်ကြည့်နိုင်ရန် အကုန်အကျခံ တင်ဆက်ထားပါတယ်။ ဇာတ်သဘင်ကို လူငယ်တွေ စိတ်ဝင်စားအောင်ပြုလုပ်မှ လူကြီးဖြစ်လာတဲ့အချိန်မှာ ဇာတ်အကြောင်း ပြန်ပြောနိုင်မှာပါ။ ဇာတ်သဘင်ဟာ ပရိသတ် စိတ်ရွှင်လန်းအောင် ဖျော်ဖြေရတဲ့ ပွဲပါ။ ဒါကြောင့် မိမိရိုးရာဇာတ်ပညာကို ပရိသတ်တွေ စိတ်ဝင်စား ကြိုက်နှစ်သက်အောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။

အားပေး

မြန်မာတို့ရဲ့ဇာတ်ကို မြန်မာတို့အားပေးမှ ကမ္ဘာက မြန်မာ့ဇာတ်ပညာကို သိလာမှာပါ။ ဒါကြောင့် အင်တိုက်အားတိုက် အားပေးကြပါလို့ ပြောချင်ပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

မိုးမင်းဇာတ်သဘင်အဖွဲ့မှ သမီးပျိုတစ်ဦးကလည်း ရုပ်သေးကြိုးဆွဲအကဖြင့် ဤသို့ ဖျော်ဖြေတင်ဆက်သည်။ (မြန်မာ့အလင်း)

အလှူငွေ

ပွဲကပြသော အချိန်တွင်လည်း မြန်မာ့ရိုးရာဇာတ်သဘင်ကို ထိန်းသိမ်းဆောင်ရွက်သော သဘင်သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ရန်အတွက် မြန်မာ့ဇာတ်သဘင်ကိုအားပေးသော ပရိသတ်များ လှူဒါန်းနိုင်ရန် အလှူငွေကောက်ခံပွဲလေး ပြုလုပ်ရာ ပရိသတ်များက အားတက်သရော လှူဒါန်းကြသည်ကို မြင်တွေ့ရသည်မှာ ဝမ်းသာပီတိဖြစ်မိသည်။

နောက်ထပ် ဇာတ်အဖွဲ့ တစ်ဖွဲ့ဖြစ်သည့် မိုးဝင်းဦးစီးသော ဟန်ဇာမိုးဝင်း၊ တင်ဇာမိုးဝင်းဇာတ်အဖွဲ့သို့ သွားရောက်၍ လူငယ်မင်းသား ဟန်ဇာမိုးဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “အခုကျွန်တော်တို့ဒီပွဲမှာ ပရိသတ်တွေအနေနဲ့ ပေးရတဲ့တန်ဖိုးနဲ့ တန်အောင် ဇာတ်ခုံဆက်တင်အပြင်အဆင်၊ မီးဆလိုက်သုံးစွဲမှု၊ အသံစနစ်ကအစ အထူးပြုလုပ်ထားပါတယ်။ ပြဇာတ်ဆိုရင်လည်း အသစ်တင်ဆက်မှာပါ။ နှစ်ပါးသွားမှာ မင်းသားအနေနဲ့ကတာ လေးနှစ်ရှိပါပြီ။

ဝါသနာ

ပွဲရာသီတစ်နှစ်လုံး မြန်မာပြည်အနှံ့ ကပြပါတယ်။ အခုဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ကျွန်တော်တို့ဇာတ်သဘင်ကို ပရိသတ်စိတ်ဝင်စားမှုပိုများလာပါတယ်။ တချို့နေရာတွေမှာ ရုံပွင့်တဲ့အထိ အားပေးမှုရှိပါတယ်။ ကျွန်တော့်အနေနဲ့ လူငယ်တစ်ယောက်ဖြစ်ပေမယ့် မျိုးရိုးကသဘင်မျိုးရိုးပါ။ အဘိုးက ဇာတ်မင်းသားကြီး စိန်မာဒင်၊ အဖေက မိုးဝင်း၊ ဦးလေးက မိုးမင်းဆိုတော့ ဝါသနာလည်းပါ မြန်မာ့ရိုးရာ ဇာတ်ပညာကိုလည်း ထိန်းသိမ်းတဲ့အနေနဲ့ ကပြနေတာဖြစ်ပါတယ်။

တန်ဖိုးထား

ယနေ့အချိန်မှာ ဖျော်ဖြေမှုကဏ္ဍ အမျိုးမျိုးရှိပါတယ်။ ဒါကြောင့် မြန်မာ့ဇာတ်ကို လူတွေ စိတ်ဝင်စားအောင် လုပ်ရတာ မလွယ်ပါဘူး။ ကြည့်သူရှိမှ ကသူရှိမှာပါ။ ဒါကြောင့်မို့ ကျွန်တော်တို့က ဇာတ်ကြည့်ချင်သူတွေရှိအောင် ကြိုးစားကပြနေပါတယ်။ ကျွန်တော်တို့ကို အားပေးခြင်းဟာ မြန်မာ့ဇာတ်သဘင်ကို အားပေးခြင်းနဲ့ အတူတူပါပဲ”ဟု လူငယ်ပေမယ့် မြန်မာ့ရိုးရာ ဇာတ်ပညာကို တန်ဖိုးထားစွာ ဂုဏ်ယူပြောကြားပေသည်။

မြန်မာ့ရိုးရာ

မှန်ပါပေသည်။ မိမိရိုးရာ ဇာတ်သဘင်ကို မိမိတို့ကိုယ်တိုင် အားပေးလုပ်ဆောင်မှ မြန်မာ့ဇာတ်ကို ကမ္ဘာက သိအောင်လုပ်နိုင်ပေမည်။ နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးခြင်းမှာလည်း မြန်မာ့ရိုးရာအနုပညာများ မတိမ်ကော မပပျောက်စေရန်ပင်ဖြစ်သည်။ သည့်အတွက် မြန်မာ့ဇာတ်သဘင် အရှည်တည်တံ့စေရန် တင်ဆက်ကပြသူရော၊ အားပေးသူ ပရိသတ်ပါ လိုက်ဖက်ညီရန် လိုအပ်ကြောင်း ဆိုင်းသံကြားလျှင် ကချင်သူမို့ ဇာတ်ပွဲကြည့်ကြပါစို့ဟု....။

(မြန်မာ့အလင်း)



ရိုးရာဇာတ်မင်းသား ဝတ်စုံဖြင့် မိုးမင်း၏ဟန်....။

(မြန်မာ့အလင်း)

ပွဲဈေးညရှုခင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

27-1 (11).pmd 1 1/27/2010, 1:54 AM

နီလာ အပြည်ပြည်ဆိုင်ရာခရီးသွားလာရေးလုပ်ငန်း မအေးအေးမော်ဦးစီးသော နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၁)ညအိပ် ၁၂ရက်-ဗုဒ္ဓဂယာ+သံဝေဇနီယလေးဌာန(ဖွား+ပွင့်+ဟော+စံ) ကျပ် ကိုးသိန်း စရိတ်ငြိမ်း (India Air Line)
(၁၄)ညအိပ် ၁၅ရက်-သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel)+(တပ်ချမ်မဟာ+ဝင်ကြေး)ကျပ်၁၀သိန်း စရိတ်ငြိမ်း
၁၇ညအိပ် ၁၈ရက်- သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel)+(တပ်ချမ်မဟာ+ဝင်ကြေး)+ ကိုလ်ကတ္တား(Shopping+ဗဟုသုတရစရာနေရာများ)ကျပ် ၁၀ သိန်း ငါးသောင်းစရိတ်ငြိမ်း (India Air Line) နိုင်ငံကူး လက်မှတ်မရှိသူများ အနည်းဆုံး ၃၅ရက်ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့်နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ ကျပ်တစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ(လုံး၀)မဆုံးရှုံးပါ။

နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ သီးသန့်အထူးဈေးနှုန်း

၃-၂-၂၀၁၀ရက် (၁၅)ရက်စရိတ်ငြိမ်း ကျပ် ၉.၅သိန်း၊ ၂၀-၂-၂၀၁၀ရက် (၁၂)ရက်စရိတ်ငြိမ်း ကျပ် ၈.၇သိန်း၊ ၁၅-၂-၂၀၁၀ရက် ဗန်ကောက်(Bangkok)ဘုရားဖူးခရီးစဉ်နှစ်ညအိပ် သုံးရက် ငွေကျပ် ငါးသိန်း စရိတ်ငြိမ်းလိုက်ပါမည့်ဘုရားဖူးသူတော်စင်များအား ကြိုတင် စာရင်းပေးသွင်းကြရန် မေတ္တာရပ်ခံအပ်ပါသည်။
အတာတန်ခူးကုသိုလ်အထူးအစီအစဉ်- ၁၂-၄-၂၀၁၀ရက်တွင်လိုက်ပါမည့် ဘုရားဖူးသူတော်စင်များအား ဗုဒ္ဓဂယာမြေမြတ်မဟာဦ သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်နှင့် သိမ်ဆွမ်းလောင်းလှူကြမည့်အစီအစဉ်များကို နီလာဘုရားဖူးအဖွဲ့မှ ကုသိုလ်ယူ ဒါနပြုစီစဉ်ပေးမည်ဖြစ်ပါ၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။
ဗုဒ္ဓနေ့-ကဆုန်ညောင်ရေသွန်းပွဲ- ၂၆-၄-၂၀၁၀ရက် ခုနစ်ညအိပ်ရှစ်ရက် ခရီးစဉ်အထူးဈေးနှုန်း ငွေကျပ် ခုနစ်သိန်းငါးသောင်း ထွက်ခွာမည့်နေ့-ဖေဖော်ဝါရီလတွင် (၃၊၈၊၁၂၊၂၀၊၂၂၊၂၆)ရက် မတ်လတွင်(၅၊၈၊၁၂၊၁၉၊၂၂၊၂၆)ရက်၊ ဧပြီလတွင် (၂၊၅၊၉၊၁၆၊ ၁၉၊၂၃၊၃၀)ရက်၊ ခရီးစဉ်အားလုံးအတွက် ဝန်ဆောင်မှုများသည် ရန်ကုန်မှစတင်ထွက်ခွာသည့်ရက်မှစ၍ ရန်ကုန်သို့ပြန်ရောက်ရှိသည့်ရက် အထိ စရိတ်ငြိမ်းဖြစ်ပါသည်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊၃၇၅၀၂၀၊၃၈၄၀၆၆၊၃၈၄၃၆၆၊၀၉-၉၉-၇၃၃၉၅၊၀၉-၈၆-၁၂၀၀၃၊၀၉-၈၆-၁၀၄၅၆။

မင်္ဂလာဦးဆုတောင်း

ဒေါက်တာဇင်လင်းထိုက် M.B.,B.S(Ygn) နှင့် ချစ်ညီမ အထွေးဆုံးလေး မစန္ဒာသန်း B.Sc(Chemistry) တို့၏ ၂၄-၁-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel(Pool Side) ရန်ကုန်၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာရက်မြတ်မှသည် ဘ၀ခရီးတစ်လျှောက်လုံး အေးချမ်းပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်-

ဦးထွန်းနိုင် (Chief Engineer,
Wallenius Marine Singapore Pte.,Ltd.)
ဒေါ်အေးအေးသန်း(ဦးစီးအရာရှိ-ငြိမ်း၊ မြန်မာ့ရုပ်မြင်သံကြား)
တူလေးများနှင့် တူမလေး

မောင်ဖြိုးပြည့်စုံ	Grade-9(G), T.T.C
မချစ်စုထွန်းနိုင်	Grade-8(A), T.T.C
မောင်မိုးပြည့်စုံ	KG(J) T.T.C

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးသန်းထွန်း၏သား အထက(၆) ဗိုလ်တထောင် တတိယ တန်း(C)မှ မောင်ကောင်းထက်နိုင်အား ကောင်းထက်နိုင်(ခ)ရဲမာန်အောင် ဟု ဖြည့်စွက်ခေါ်ပါရန်။

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ဇန်နဝါရီ ၂၄ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးဝင်းရှိ **Western Park Royal** တွင်ကျင်းပသော ထားဝယ်အသင်း၏ သက်ကြီးပူဇော်ပွဲနှင့်နှစ်ပတ်လည်အစည်းအဝေးတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ကောင်းပြည့်အား အသင်းဥက္ကဋ္ဌ ဦးခင်စိုးက ဆုတံဆိပ်ချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

လှူငယ်စာကြည့်တိုက်အဆောက်အအုံသစ် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ၌ဖွင့်

စစ်ကိုင်း ဇန်နဝါရီ ၂၆

စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ လှူငယ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင်များပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ဥပစာရှေ့၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌဦးအောင်မိုးနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးသောင်းကြွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ညွှန်ကြားရေးမှူးဦးသန်းထွန်း၊ ခရိုင်ဦးစီးအရာရှိဦးမောင်ကိုနှင့် မြို့နယ် ဥက္ကဋ္ဌဦးအောင်မိုးတို့က သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံယူပြီး စာကြည့်တိုက်မှူး ဦးခင်မောင်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

တည်ဆောက်ခဲ့

အဆိုပါအဆောက်အအုံမှာ အလျား ၂၄ပေ၊ အနံပေ ၂၀၊ အမြင့် ၁၂ပေရှိသွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပြီး ငွေကျပ် ၄၅ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်သီးနှင့်ပန်းအလှပြင်သင်တန်းဆင်းပွဲ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော မင်္ဂလာတောင်ညွန့်မြို့နယ် သစ်သီးနှင့်ပန်းအလှပြင်သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၂၄ ရက်က အထက(၁) ကျောင်းခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန် ဆုရသူများနှင့် သင်တန်း ဆရာမများအား ဆုများနှင့်လက်ဆောင် ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

လိုက်လံကြည့်ရှု

ထို့နောက် တက်ရောက်လာသူများကသင်တန်းသူ ၃၂ဦးတို့၏ ပြိုင်ပွဲဝင်ပြသထားသည့် ပန်းနှင့်သစ်သီးအလှပြင်ခြင်းများကို လိုက်လံကြည့်ရှုကြသည်။ **(၁၂၃)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၁၈) ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ပထမဆု (စံပြဆု)ရရှိသော မသီရိရွှေရည်ဝင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြက ဆုချီးမြှင့်စဉ်။ (ပညာရေး)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ တာလေမြို့တွင် ပေးအပ်

တာချီလိတ် ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁နာရီက တာလေမြို့ဦးစီးဌာနရုံးတွင် ကွင်းဆင်းဆောင်ရွက်ပေးထားသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဇော်နှင့် မြို့နယ် ဦးစီးဌာနမှူး ဦးစိုင်းခမ်းကျောက်တို့က ဒေသခံတိုင်းရင်းသားများထံ ပေးအပ်သည်။ **(ယာပုံ)**
(ခရိုင် ပြန်/ဆက်)

မိုးရေလှောင်ကန် ကြည့်ရှုစစ်ဆေး

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်သော ဆော်လဖဲခို ကျေးရွာဂါလန် ၂၆၀၀ ဆံ့ မိုးရေလှောင်ကန်ဆောင်ရွက်ပြီးစီးမှုကို ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။
(မြို့နယ်စည်ပင်)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးသော သနပ်ပင်-ဖရဲ-ကမာဖရုံကျေးလက်ဂဝံလမ်းပြီးစီးမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ဇန်နဝါရီ ၁၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မင်းလှစည်ပင်သာယာ မြို့မဈေးစစ်ဆေး

မင်းလှ ဇန်နဝါရီ ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ မြို့မဈေးကြီးအတွင်း ဇန်နဝါရီ ၉ရက်က ဓာတုဆေးဝါးသုံးစွဲသော စားကုန်ပစ္စည်းများရောင်းချမှုမရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သိန်းနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များပူးပေါင်း၍ ဈေးအတွင်းရှိဆိုင်များကို လိုက်လံစစ်ဆေးပြီး မရောင်းချရေး ပညာပေးဆွေးနွေးသည်။ ***(မြို့နယ်စည်ပင်)***

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ သင်္ချာ

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူများအား အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်နဲ့ သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာအချက်များကို ယခုဆွေးနွေးပို့ချမှာဖြစ်ပါတယ်။ ဒီလိုပို့ချရာမှာ စာမေးပွဲဖြေဆိုတဲ့အခါ ကျောင်းသား ကျောင်းသူတွေ သတိထားရမယ့်အချက်အလက်များကို ဦးစားပေးဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးတင်ပြချင်တဲ့အချက်ကတော့ သင်္ချာဘာသာရပ်ဖြေဆိုရာမှာ သင်္ကေတတွေကို စနစ်တကျမှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ အသုံးပြုဖို့ဖြစ်ပါတယ်။ သင်္ချာသင်္ကေတတွေဟာ သင်္ချာဘာသာစကား (mathematical language) ရဲ့ ဗျည်းအက္ခရာ (alphebat)တွေ သဖွယ်ဖြစ်ပြီး အဲဒီသင်္ကေတတွေကို စုစည်းရေးသားရာမှာ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေရှိပါတယ်။ အဲဒီစည်းမျဉ်းစည်းကမ်းတွေကတော့ သင်္ချာဘာသာစကားရဲ့ သဒ္ဒါစည်းမျဉ်းများ (grammartical rules)များသဖွယ် ဖြစ်ပါတယ်။ ဘယ်ဘာသာစကားမှာပဲဖြစ်ဖြစ် သဒ္ဒါစည်းကမ်းနဲ့မညီတဲ့ အရေးအသားဟာ မှားယွင်းတဲ့အတွက် သင်္ချာဘာသာရပ်ဖြေဆိုရာမှာ သင်္ကေတအသုံးအနှုန်းစည်းကမ်းတွေကို ဖောက်ဖျက်ခဲ့ရင် ရသင့်ရထိုက်တဲ့အမှတ်များ ဆုံးရှုံးတတ်ပါတယ်။

ဥပမာအားဖြင့် function နှစ်ခု f နှင့် g ပေါင်းစပ်တဲ့ ပုံသေနည်းဖြစ်တဲ့ $(g \cdot f)(x) = g(f(x))$ ကို ရေးတဲ့အခါ ဘယ်ဘက်မှာ $g \cdot f$ နှင့် x တို့ကို ခတ်ထားတဲ့ကွင်းများ ပြည့်ပြည့်စုံစုံပါဖို့လိုအပ်သလို ညာဘက်မှာ x နဲ့ f(x) တို့ကိုခတ်ထားတဲ့ ကွင်းများ ပြည့်ပြည့်စုံစုံပါဖို့လိုအပ်ပါတယ်။ ကွင်းတစ်ခုခုကျန်ခဲ့ရင် သို့မဟုတ် အထားအသိုမှားယွင်းခဲ့ရင် သင်္ကေတအသုံးအနှုန်း မမှန်ကန်တဲ့အတွက် ရသင့်တဲ့အမှတ်များ နစ်နာ သွားနိုင်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ $(3+2x)^6$ ဆိုတဲ့ binomial ရဲ့ (r+1) အကြိမ်မြောက်ကိန်းလုံးကို ဖော်ပြရာမှာ-

$$(r+1)^{th} \text{ term of } (3+2x)^6 = {}^6C_r 3^{6-r}(2x)^r$$

ဆိုပြီး ကွင်းများပြည့်ပြည့်စုံစုံနဲ့ ရေးသားရပါမယ်။ 2x ကို ကွင်းခတ်ဖို့ကျန်ခဲ့ရင် ရေးသားဖော်ပြချက်မှားယွင်းတဲ့အတွက် အမှတ်များ ဆုံးရှုံးမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ (r + 1)th term ဆိုတဲ့ စကားလုံးကျန်ခဲ့ပြီး-

$$(3+2x)^6 = {}^6C_r 3^{6-r}(2x)^r$$

လို့ စာဖြေသူအချို့ ရေးတတ်ကြပါတယ်။ ဒီရေးသားချက်ဟာလည်း လုံးဝမှားယွင်းတဲ့အတွက် အမှတ်များ ဆုံးရှုံးမှာဖြစ်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ $(x-2)(x-3) > 0$

ဆိုတဲ့ မညီမျှခြင်းကို algebraic နည်းနဲ့ဖြေရှင်းရာမှာ-

$(x-2>0 \text{ and } x-3>0) \quad \text{or} \quad (x-2<0 \text{ and } x-3<0)$

$(x>2 \quad \text{and} \quad x>3) \quad \text{or} \quad (x<2 \quad \text{and} \quad x<3)$

လို့ ကွင်းများ ပြည့်ပြည့်စုံစုံခတ်ပြီး ရေးတာအကောင်းဆုံးပါပဲ။ ကွင်းများမပါဘဲ

$x-2>0 \text{ and } x-3>0 \quad \text{or} \quad x-2<0 \text{ and } x-3<0$

$x>2 \text{ and } \quad x>3 \quad \text{or} \quad x<2 \text{ and } \quad x<3$

လို့ ရေးခဲ့ရင် ရေးသားဖော်ပြချက် ရှင်းလင်းတိကျမှုမရှိတဲ့အတွက် ရသင့်တဲ့အမှတ်များ နစ်နာနိုင်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ ဖန်ရှင် $y = x^2 \cos x$ ရဲ့ derivative ကို တွက်ထုတ်ရာမှာ $\frac{dy}{dx} = 2x \cos x + x^2(-\sin x)$ ဆိုပြီး သေသေချာချာကွင်းခတ်ပြီး တိတိကျကျ ရေးသင့်ပါတယ်။ $(-xin\ x)$ ကို ကွင်းမခတ်ဘဲ $\frac{dy}{dx} = 2x \cos x + x^2 - \sin x$ လို့ ရေးမိခဲ့ရင်တော့ လိုချင်တဲ့အဓိပ္ပာယ် မသက်ရောက်တော့တဲ့အတွက် အမှတ်များ ဆုံးရှုံးနိုင်ပါတယ်။

သင်္ကေတအသုံးအနှုန်းနဲ့ပတ်သက်ပြီး နောက်ထပ်သတိပေးချင်တာတွေကတော့ ဗက်တာများကို ဖော်ပြရာမှာ မြား $\rightarrow$ များမကျန်ရစ်စေဖို့၊ function တစ်ခု f ရဲ့ inverse သင်္ကေတ f^{-1} နဲ့ f ရဲ့ deverivative သင်္ကေတ f' မှားယွင်းအသုံးမပြုမိဖို့၊ matrix တစ်ခု A ရဲ့ inverse သင်္ကေတ A^{-1} နဲ့ သူ့ရဲ့ transpose သင်္ကေတ A' တို့ကို လွဲမှားအသုံးမပြုမိဖို့၊ calculus သင်ခန်းစာမှာ $\frac{dy}{dx}$ ရေးရမယ့်နေရာမှာ $\frac{\delta y}{\delta x}$ လို့ မှားယွင်းမရေးမိဖို့၊ ဗက်တာသင်ခန်းစာမှာ ဗက်တာနှစ်ခုစားခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုထားတာ မရှိတဲ့အတွက် $\frac{\overline{a}}{\overline{b}}$ ဆိုတဲ့ အရေးအသားမျိုးမရေးမိဖို့ စတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

ကျောင်းသားကျောင်းသူများကို ဆက်လက်ပြီးသတိပေးချင်တာကတော့ သင်္ချာဘာသာရပ်ဖြေဆိုရာမှာ တတ်နိုင်သမျှအဆင့်မကျော်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် step by step အသေးစိတ်တွက်ချက်ကြဖို့၊ ပြည့်ပြည့်စုံစုံရေးသားကြဖို့ ဖြစ်ပါတယ်။ အဆင့်များကျော်ပြီး ရေးလိုက်တဲ့အခါ တကယ်လို့များ မေးခွန်းကပါဝင်စေချင်တဲ့ အရေးကြီးတဲ့အဓိကအချက်များ၊ သော့ချက်အဆင့်များပါမလာခဲ့ရင် ရသင့်တဲ့အမှတ်များ လက်လွတ်ဆုံးရှုံးနိုင်ပါတယ်။

ဥပမာအားဖြင့် $x^3 - 6x^2 + ax + b$ အတွက် $x^2 - 3x + 2$ ဟာ factor တစ်ခုဖြစ်တယ်လို့ပေးပြီး a နဲ့ b ကိုရှာခိုင်းတဲ့ ပုစ္ဆာကိုတွက်တဲ့အခါ အစပိုင်းမှာ-

$$\begin{aligned} \text{Let } f(x) &= x^3 - 6x^2 + ax + b \\ x^2 - 3x + 2 &\text{ is a factor of } f(x) \\ x^2 - 3x + 2 &= (x-1)(x-2) \\ \therefore x-1 \text{ and } x-2 &\text{ are factors of } f(x) \\ \therefore f(1) &= 0 \text{ and } f(2) = 0 \end{aligned}$$

လို့ ပြည့်ပြည့်စုံစုံရေးသားရင် အကောင်းဆုံးဖြစ်ပါတယ်။ အချို့ကျောင်းသားကျောင်းသူများဟာ-

$$\begin{aligned} \text{Let } f(x) &= x^3 - 6x^2 + ax + b \\ x^2 - 3x + 2 &\text{ is a factor of } f(x) \\ \therefore f(1) &= 0 \text{ and } f(2) = 0 \end{aligned}$$

လို့ အရေးကြီးတဲ့အဆင့်များကိုကျော်ပြီး ရေးတတ်ကြပါတယ်။ ဒီလိုအရေးအသားမျိုးဟာ မိမိတို့ရသင့်တဲ့အမှတ်များကို နစ်နာဆုံးရှုံးစေနိုင်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ function သုံးခု f, g နဲ့ h တို့ကိုပေးထားပြီး (f.g).h ရဲ့ပုံသေနည်းအား ရှာခိုင်းတဲ့ပုစ္ဆာကို တွက်ချက်ရာမှာ-

$$\begin{aligned} ((f.g).h)(x) &= (f.g)(h(x)) \\ &= f(g(h(x))) \end{aligned}$$

ဆိုပြီး လိုအပ်သောကွင်းများပြည့်စုံမှန်ကန်စွာနဲ့ တစ်ဆင့်ချင်းရေးသားတွက်ချက်ရပါမယ်။ အဆင့်ကျော်ပြီး

$$((f.g).h)(x) = f(g(h(x)))$$

လို့ ရေးခဲ့ရင်တော့ ရသင့်တဲ့အမှတ်များမရတော့ဘဲ ဆုံးရှုံးနစ်နာပါလိမ့်မယ်။

နောက်ဥပမာတစ်ခုအနေနဲ့ ကိန်းစစ်များရဲ့အစု R ပေါ်မှာ binary operation တစ်ခုကို $a \odot b = a^2 + ab + b^2$ လို့သတ်မှတ်ပေးထားပြီး အဲဒီ binary operation ဟာ commutative ဖြစ်ကြောင်းပြခိုင်းတယ်ဆိုပါစို့။ အဲဒီအခါ -

For any $a, b \in R$

$$\begin{aligned} a \odot b &= a^2 + ab + b^2 \\ b \odot a &= b^2 + ba + a^2 \\ &= a^2 + ab + b^2 \\ \therefore a \odot b &= b \odot a \end{aligned}$$

$\therefore \odot$ is commutative လို့ ဖြေသင့်ပါတယ်။

အချို့စာဖြေသူများဟာ $a \odot b = b \odot a$ ဆိုတဲ့ အရေးကြီးတဲ့ ပါဝင်သင့်တဲ့အဆင့်ကိုကျော်ပြီး ရေးတဲ့ အတွက် အမှတ်များ ဆုံးရှုံးရတတ်ပါတယ်။

နောက်ဥပမာတစ်ခုအနေနဲ့ $f(x) = x^2 + 3x + a$ အတွက် $x - 2$ ဟာ factor တစ်ခု ဖြစ်ခဲ့ရင် a ကို ရှာပါဆိုတဲ့ မေးခွန်းကိုဖြေရာမှာ-

$$\begin{aligned} f(x) &= x^2 + 3x + a \\ x - 2 &\text{ is a factor of } f(x) \\ \therefore f(2) &= 0 \\ 4 + 6 + a &= 0 \\ a &= -10 \end{aligned}$$

လို့ ဖြေသင့်ပါတယ်။ အချို့ကျောင်းသားကျောင်းသူများဟာ-

$$\begin{aligned} f(x) &= x^2 + 3x + a \\ f(2) &= 4 + 6 + a \\ &= 10 + a \\ \therefore a &= -10 \end{aligned}$$

လို့ ဖြေတတ်ကြပါတယ်။ အဲဒီလိုဖြေခဲ့ရင် $x - 2$ ဟာ $f(x)$ ရဲ့ factor တစ်ခုဖြစ်လို့ $f(2) = 0$ ဖြစ်တယ်ဆိုတဲ့ factor theorem ကို အသုံးပြုထားချက်၊ တစ်နည်းပြောရရင် ပုစ္ဆာကလိုချင်တဲ့အဓိကအချက် မပါဝင်တဲ့အတွက် အဖြေမှန်သော်လည်း အမှတ်မရဖြစ်ပါလိမ့်မယ်။

ကျောင်းသား ကျောင်းသူများကို နောက်ထပ်သတိပေးချင်တဲ့ အချက်တစ်ချက်ကတော့ သင်္ချာဘာသာရပ် ဖြေဆိုရာမှာ ပုစ္ဆာကသတ်မှတ်ပေးထားတဲ့ တွက်နည်းအတိုင်း ဖြေဆိုဖို့ဖြစ်ပါတယ်။

ဥပမာအားဖြင့် equation နှစ်ခုဖြေရှင်းခိုင်းတဲ့ပုစ္ဆာတစ်ပုဒ်မှာ by using a matrix method လို့ ပြောထားခဲ့ရင် matrix နည်းဖြင့်သာ ပုစ္ဆာကိုတွက်ပေးရမှာဖြစ်ပါတယ်။

အလားတူစွာ ပုစ္ဆာတစ်ပုဒ်မှာ Prove by a vector method လို့မေးလာခဲ့ရင် vector နည်းဖြင့်သာ သက်သေပြပေးရမှာဖြစ်ပါတယ်။

ကျောင်းသားကျောင်းသူများ နောက်ထပ်သတိထားရမယ့် အချက်တစ်ချက်ကတော့ သင်္ချာဘာသာရပ်ဖြေဆိုရာမှာ ပုစ္ဆာတောင်းဆိုတဲ့ အဖြေရတဲ့အထိ ပြည့်ပြည့်စုံစုံရေးသားတွက်ချက်ဖို့ဖြစ်ပါတယ်။

ဥပမာအနေနဲ့ $x^2 + 2x + 3$ ကိန်းတန်းကို $x - 2$ နဲ့စားရင် ရရှိမယ့်အကြွင်းအား ရှာခိုင်းတဲ့ပုစ္ဆာကို တွက်ရာမှာ-

$$\begin{aligned} \text{Let } f(x) &= x^2 + 2x + 3 \\ f(x) &\text{ is divided by } x - 2 \\ \text{remainder} &= f(2) \\ &= 4 + 4 + 3 \\ &= 11 \end{aligned}$$

လို့ ပြည့်စုံပြီးစီးအောင် တွက်ချက်သင့်ပါတယ်။ အချို့စာဖြေသူများဟာ-

$$\begin{aligned} \text{Let } f(x) &= x^2 + 2x + 3 \\ f(2) &= 4 + 4 + 3 \\ &= 11 \end{aligned}$$

ဆိုတဲ့ အဆင့်လောက်အထိသာ ဖြေဆိုတတ်ကြပါတယ်။ အဲဒီလိုဖြေခဲ့ရင် ပုစ္ဆာရဲ့သော့ချက်စကားလုံး (key word) ဖြစ်တဲ့ remainder ဆိုတဲ့စကားလုံး ဘယ်နေရာမှာမှမပါတဲ့အတွက် ရသင့်တဲ့အမှတ်တွေ ဆုံးရှုံးပါလိမ့်မယ်။

နောက်ဥပမာတစ်ခုအနေနဲ့ inequations အခန်းနဲ့ matrices အခန်းတွေက solution set တွေ ရှာခိုင်းတဲ့ ပုစ္ဆာတွေမှာ solution တွေကို set ပုံစံနဲ့ရေးပြတဲ့အဆင့်အထိရောက်အောင် တွက်ပြရမှာ ဖြစ်ပါတယ်။

အလားတူစွာ ပေးထားတဲ့ညီမျှခြင်းတစ်ခု မှန်ကန်ကြောင်းသက်သေပြခိုင်းတဲ့ ပုစ္ဆာတစ်ပုဒ်မှာ L.H.S နဲ့ R.H.S ကို သီးခြားတွက်ခဲ့ရင် ပုစ္ဆာကနောက်ဆုံးလိုချင်တဲ့အဖြေဖြစ်တဲ့ L.H.S = R.H.S ဆိုတဲ့ကောက်ချက်အထိ ရေးပေးရမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

27-1 (15).pmd 1 1/27/2010, 1:54 AM

စာမျက်နှာ ၁၅ မှအဆက်

ရှေ့မှာတင်ပြခဲ့တဲ့ စာဖြေသူများ သတိမူရမယ့် အဓိကအချက် ၄ချက်ကို အကျဉ်းချုံးပြီးပြန်ပြောရရင်-

- ပထမအချက် စာမေးပွဲဖြေဆိုရာမှာ သင်္ချာသင်္ကေတများကို မှန်မှန်ကန်ကန်တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးပါ။
- ဒုတိယအချက် ဘယ်ပုစ္ဆာမဆို အဆင့်မကျော်ဘဲ အသေးစိတ် step by step ပြည့်ပြည့်စုံစုံ ရေးသားတွက်ချက်ပါ။
- တတိယအချက် ဘယ်ပုစ္ဆာမဆို သေသေချာချာဖတ်ပြီး ပုစ္ဆာကတောင်းဆိုတဲ့တွက်နည်းအတိုင်း တွက်ပါ။
- စတုတ္ထအချက် ဘယ်ပုစ္ဆာမဆို သေသေချာချာဖတ်ပြီး ပုစ္ဆာကမေးထားတဲ့အဖြေရတဲ့အထိ ပုစ္ဆာက တောင်းဆိုတဲ့အဆင့်ရောက်တဲ့အထိ ပြီးပြည့်စုံစွာ ရေးသားတွက်ချက်ပါ။

ဆိုတဲ့ အချက်များပဲ ဖြစ်ပါတယ်။

နိဂုံးအနေနဲ့ ပြောကြားလိုတာကတော့ တက္ကသိုလ်ဝင်တန်း သင်္ချာမေးခွန်းလွှာမှာ အဓိကအားဖြင့်

(၁) အခြေခံသဘောတရားများ၊ မှန်ကန်ချက်များ၊ ပုံသေနည်းများကို သိ မသိ၊ basic knowledge ရှိ မရှိ ဆန်းစစ်သည့်မေးခွန်းများ၊

(၂) ကျိုးကြောင်းဆက်စပ် ဆင်ခြင်စဉ်းစားနိုင်မှုစွမ်းရည် (logical reasoning skill)ကို ဆန်းစစ်သည့် မေးခွန်းများ၊

(၃) သင်္ချာလုပ်ထုံး (mathematical operation) များအား မှန်ကန်တိကျစွာ တွက်ချက်နိုင်မှုစွမ်းရည် (computational skill) ကို ဆန်းစစ်သည့်မေးခွန်းများ ပါဝင်တဲ့အတွက် အဲဒီမေးခွန်းများက ဆန်းစစ်တဲ့စွမ်းရည်များနဲ့ ပြည့်စုံအောင် ဖတ်မှတ်လေ့လာ လေ့ကျင့်ထားကြဖို့ လိုအပ်ပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ကြပါစေ၊ ထူးထူးချွန်ချွန်နဲ့ အောင်မြင်ကြပါစေလို့ ဆန္ဒပြုရင်း ဒီပို့ချချက်ကိုရပ်နားလိုက်ပါတယ်။ ။

မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့နေ ဦးကံမင်း-ဒေါ်အေးအေးဖြိုးတို့၏သမီး အထက(၁) သတ္တမတန်း(ဂ)မှ နန်းသန္တာဇော်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၂-၁၉၉၇ ဖြစ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ကျောက်ဆည်တက္ကသိုလ်
ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၀၈-၂၀၀၉ပညာသင်နှစ် ကျောက်ဆည်တက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ဘွဲ့ရစာမေးပွဲအသီးသီးကိုအောင်မြင်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ကျောက်ဆည်တက္ကသိုလ် ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀-၂-၂၀၁၀ရက်နေ့နှင့် ၂၁-၂-၂၀၁၀ရက်နေ့များတွင် ဤတက္ကသိုလ် ပင်မလေးထပ်ဆောင်ခန်းမ၌ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းများတွင် သုံးကြိမ်ခွဲ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

ဘွဲ့နှင်းသဘင် (၂၀-၂-၂၀၁၀)ရက်
ပထမပိုင်းအစီအစဉ်
နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ

စဉ်	ဘွဲ့	အထူးပြုဘာသာ
၁။	မဟာသုတေသနဘွဲ့	(က) မြန်မာစာ
	မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)	(ခ) အရှေ့တိုင်းပညာ
	ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	(ဂ) ရူပဗေဒ
	ဝိဇ္ဇာ/သိပ္ပံဘွဲ့	(ဃ) သတ္တဗေဒ

ဒုတိယပိုင်းအစီအစဉ်
မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ

စဉ်	ဘွဲ့	အထူးပြုဘာသာ
၁။	မဟာသုတေသနဘွဲ့	(က) ပထဝီဝင်
	မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)	(ခ) သမိုင်း
	ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	(ဂ) သင်္ချာ
	ဝိဇ္ဇာ/သိပ္ပံဘွဲ့	(ဃ) ဘူမိဗေဒ

ဘွဲ့နှင်းသဘင် (၂၁-၂-၂၀၁၀)ရက်
တတိယပိုင်းအစီအစဉ်
နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ

စဉ်	ဘွဲ့	အထူးပြုဘာသာ
၁။	မဟာသုတေသနဘွဲ့	(က) အင်္ဂလိပ်စာ
	မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)	(ခ) ဒဿနိကဗေဒ
	ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	(ဂ) ဓာတုဗေဒ
	ဝိဇ္ဇာ/သိပ္ပံဘွဲ့	(ဃ) ရုက္ခဗေဒ

ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်းအစီအစဉ်
အစမ်းလေ့ကျင့်ရက် (၁၉-၂-၂၀၁၀)ရက်

ပထမပိုင်းအစီအစဉ် - နံနက် ၉နာရီမှ ၁၁နာရီအထိ
ဒုတိယပိုင်းအစီအစဉ် - နံနက် ၁၁နာရီမှ မွန်းလွဲ ၁နာရီအထိ
တတိယပိုင်းအစီအစဉ် - မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် အောက်ပါအစီအစဉ်အတိုင်းထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကျင်းပရက်	ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများထုတ်ပေးမည့်ရက်	တက်ရောက်ခွင့်ပြုလက်မှတ်ဧည့်လက်မှတ်များထုတ်ပေးမည့်ရက်
၂၀-၂-၂၀၁၀မှ ၂၁-၂-၂၀၁၀ရက်အထိ	၁၇-၂-၂၀၁၀မှ ၁၈-၂-၂၀၁၀ရက်အထိ	၁၉-၂-၂၀၁၀ရက်

မှတ်ချက်။ ။ တက်ရောက်ခွင့်လက်မှတ်များနှင့် ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲအခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲအခမ်းအနားများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကိုအပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်းဝတ်ဆင်ခြင်းမပြုပါက သက်ဆိုင်ရာအခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

တင်ဝင်း
လ/ထမော်ကွန်းထိန်း
ကျောက်ဆည်တက္ကသိုလ်။

စီးပွားရေးတက္ကသိုလ် (၁၉၆၄-၁၉၆၈)ခုနှစ်
ဘွဲ့ရ သူငယ်ချင်းများ နှစ်ပတ်လည် မိတ်ဆုံခရီး

ခရီးစဉ် - ရန်ကုန်-သန်လျင်/ကျောက်တန်းမြို့။
ရက်စွဲ - ၁၂-၂-၂၀၁၀ရက် (သောကြာနေ့)
အချိန် - နံနက် ၇း၃၀နာရီ အရောက်
စုရပ်နေရာ - စီးပွားရေးတက္ကသိုလ်(ရန်ကုန်) Canteen လက်ဖက်ရည်ဆိုင်။

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်
ရောင်းဝယ်ရေးလုပ်ငန်း
အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်
လိုင်စင်လျှောက်ထားရန်ကြော်ငြာခြင်း

၁။ ၂၀၁၀-၂၀၁၁ခုနှစ်အတွက် အိုင်အိုဒင်းဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ထုတ်လုပ်ခွင့်လိုင်စင်များကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ရက်မှ မတ် ၃၁ရက်အတွင်း သက်ဆိုင်ရာရုံးခွဲများသို့ ပြန်လည်လျှောက်ထားကြရန် နိုးဆော်အပ်ပါသည်။

၂။ စာပိုဒ်(၁)ပါ သတ်မှတ်ရက်အတွင်း လိုင်စင်အသစ်တင်ပြတောင်းခံခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး လျှောက်ထားလာပါက ဒဏ်ကြေး(ရက်လွန်ကြေး)အဖြစ် တစ်ရက်လျှင် (၂၀၀/-)ကျပ်နှုန်းဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းများဆောင်ရွက်နေကြောင်းစစ်ဆေးတွေ့ရှိပါက ဆားလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင်(၃၅၀၀/-)ကျပ်နှုန်းဖြင့် မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် အောက်ပါရုံးခွဲများနှင့် အချိန်မီဆက်သွယ်ရယူနိုင်ပါသည်။

(က) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ရုံးအမှတ်(၁၉)သတ္တုတွင်းဝန်ကြီးဌာန နေပြည်တော် ဖုန်း-၀၆၇-၄၀၉၂၃၂ — နေပြည်တော်

(ခ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၊ ရန်ကုန်တိုင်းရုံး မြနန္ဒာလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတ ဖုန်း-၀၁-၇၀၈၉၀၄ — ရန်ကုန်တိုင်း၊ ပဲခူးတိုင်း

(ဂ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊မွန်ပြည်နယ်၊ တနင်္သာရီတိုင်းရုံး ကမ်းနားလမ်း၊ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၄၄၁၂ — မွန်ပြည်နယ်၊ တနင်္သာရီတိုင်း

(ဃ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၊ ဗိုလ်တေဇလမ်း၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၄၂၅၀ — ဧရာဝတီတိုင်း

(င) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊ ရခိုင်ပြည်နယ်ရုံး အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့ ဖုန်း-၀၄၃-၄၆၀၁၉ — ရခိုင်ပြည်နယ်

(စ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၊ မြောက်ပိုင်းတိုင်းရုံး အိုးဘိုရပ်၊ စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၁၄၆၈ — (က၊ခ၊ဂ၊ဃ၊င မှအပ)

၄။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၁၀ခုနှစ် မတ် ၃၁ရက်အထိ နောက်မကျစေဘဲ သက်ဆိုင်ရာအပိုဒ်(၃)တွင် ဖော်ပြထားသည့်နေရာများသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိလိုသည့် အချက်အလက်များကို အပိုဒ်(၃)တွင်ဖော်ပြထားသော ရုံးခွဲအသီးသီးနှင့် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၁၇၆

ဘဏ်ခွဲမန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်(၂) မန္တလေးမြို့။ **နှင့်** ၁။ ဦးကျော်ငြိမ်း ၂။ ဒေါ်ခင်ညွှန့်ရီ ၃။ မလွင်မာကျော် မတ္တရာမြို့။

တရားနိုင် **တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၂၁၂တွင်ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ခုနှစ် မတ်၁၁ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မတ္တရာမြို့၊ အမှတ်(၂)မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(၂၈၈-ခ/၂)၊ ဦးပိုင်အမှတ် (ပ/၇၇+ပ/၂၂၁+ပ/၂၂၂+ပ/၂၂၃)၊ ဧရိယာ (၀ဒသမ၁၂+၀ဒသမ၁၀+၀ဒသမ၁၀+၀ဒသမ၁၀)ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျယ်(၂၅×၂၈)ပေရှိ နှစ်ထပ်အုတ်ပတ်ကားတိုက်နှင့်တွဲလျက် အကျယ်(၂၂×၂၈)ပေရှိ နှစ်ထပ်အောက်ပတ်ကားအပေါ်နံကပ် ကွန်ကရစ်ခင်း၊ သွပ်မိုး၊ အကျယ် (၅၈×၅၅)ပေရှိ တစ်ထပ်နံကပ်နှင့် (၁၈×၂၃)ပေ၊ အုတ်ခင်းသွပ်မိုးစက်ရုံ၊ အကျယ်(၁၆×၃၂)ပေ တစ်ထပ်နံကပ်အုတ်ခင်းသွပ်မိုးဂိုဒေါင်တစ်လုံး၊ အကျယ်(၃၂×၃၂)ပေ၊ တစ်ထပ်နံကပ်အုတ်ခင်း၊ သွပ်မိုးဂိုဒေါင်တစ်လုံး၊ မတ္တရာမြို့၊ အမှတ်(၂)မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(၂၈၈-ခ/၂)၊ ဦးပိုင်အမှတ် (ပ/၅၃)၊ ဧရိယာ ၀ဒသမ၁၀ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျယ်(၂၂×၃၃)ပေရှိ နှစ်ထပ်နံကပ်တိုက်နှင့်တွဲလျက် (၁၅×၂၂)ပေ တစ်ထပ်အာရ်စီပတ်ကား။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၂၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နုယဉ် တွဲဖက်တိုင်းတရားသူကြီး(၁)၊မန္တလေးတိုင်းတရားရုံး။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။
✻ RFA, DVB - သွေးထိုးနေသည်။
✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✻ နားမယောင်လေနဲ့ သတိထား။

ဟန်ဇာမိုးဝင်း နှစ်ပါးသွား ကပြတင်ဆက်မှုကို တစ်ခဲနက် အားပေးကြသော ပရိသတ်များ····။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

သတင်းခရီးသည် - ဝင်းကျော် ✦ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ✦ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

မြန်မာ့ဇာတ်သဘင် အားပေးမြှင့်တင်ကြပါစို့

ရန်ကုန် ဇန်နဝါရီ ၂၆

လူအများ စည်ကားတိုးဝှေ့ သွားလာနေကြသော ဈေးတန်းအတွင်း မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိနေကြသည်။ နေရာကား····ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်ဘုရား ပွဲဈေးတန်းဖြစ်သည်။ ဈေးခေါ်အော်ဟစ်ရောင်းသံများ၊ ဈေးဆိုင်ခန်းများမှ ဖွင့်ထားသော သီချင်းသံများ၊ ရောင်စုံမီးများ ထိန်ထိန်ညီးညီးနေသော ပွဲဈေးတန်းက ပျော်ရွှင်ဖွယ်ကောင်းသော ရာသီပွဲဈေးဖြစ်သည်။ ဒီအချိန် ဒီနေရာ၌ နှစ်စဉ်မပျက်ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိခဲ့ပေပြီ။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

တိုင်းရင်းသူများ၏ အနာဂတ်ဘဝ လုပ်စရေး ဖန်တီးပေးနေသော

ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း

နေပြည်တော် ဇန်နဝါရီ ၂၆

ကချင်ပြည်နယ်အတွင်း အအေးပိုသော ဇန်နဝါရီလ၏ နေ့တစ်နေ့····။ မြစ်ကြီးနားမှ နံနက်စောစောထွက်ရန် စီစဉ်ခဲ့သော်လည်း အမှန်တကယ် ကားထွက်ဖြစ်သောအခါ နံနက်၉နာရီခွဲနေလေပြီ။ မြစ်ကြီးနား-တနိုင်းလမ်းအတိုင်း ဆူပါရဖ်ဘင်ကားလေးက တရိပ်ရိပ်ပြေးကာ ပတ်ဝန်းကျင်ရှုခင်းများကို *စာမျက်နှာ ၁၀ ကော်လံ ၁* ✻

သတင်းဆောင်းပါး-တင်ထွေး (သတင်းစဉ်) ✧ ဓာတ်ပုံမှတ်တမ်း-မောင်ပြုံးမြင့် (ဘီးလူးမြို့)
စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင် (မြန်မာ့အလင်း)

ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းခန်းမအတွင်း စက်ချုပ်ပညာရပ်များ သင်ကြားနေသော တိုင်းရင်းသူများ····။
ဓာတ်ပုံမှတ်တမ်း-မောင်ပြုံးမြင့် (ဘီးလူးမြို့)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅နှင့် ၁၆တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။